ဘိက္ခဝေ၊ တို့။ ဝေါ တုမှေဟိ၊ သင်တို့သည်။ စရဏံနာမ၊ ပြပုံ အမည် ရှိသော။စိတ္တံ၊ ဆန်းကြယ်သောပန်းချီကားကို။ ဒိဋ္ဌံ၊ မြင်ဘူး၏လော။ ဧဝံ၊ သို့။ ပုစ္ဆိ၊ ၏။ ဘန္တေ၊ ဘုရား။ ဧဝံ၊ ဗျာဒိတ်တော်မြတ်အတိုင်း။ အမှေဟိ၊ တို့သည်။ ဒိဋ္ဌံ၊ မြင်ဘူးပါ၏။ ဣတိ၊ သို့။ အဝေါစုံ၊ ကုန်၏။ ဘိက္ခဝေ၊ တို့။ စရဏံ၊ ပြပုံအမည်ရှိသော။ တမ္ပိစိတ္တံ၊ ထိုပန်းချီကားကိုလည်း။ စိတ္တေနေဝ၊ စိတ်ဖြင့်သာလျှင်။ စိန္တိတံ၊ကြံအပ်၏။ ဘိက္ခဝေ၊တို့။ ခေါ၊စင်စစ်။ စရဏေန၊ ပြပုံအမည်ရှိသော။ တေနဝိစိတ္တေန၊ ထိုပန်းချီကားထက်လည်း။ စိတ္တံယေဝ၊ စိတ်သည်သာလျှင်။ စိတ္တတရံ၊ အထူးသဖြင့်ဆန်းကြယ်၏။

အနုသန္ဓေ။ ။ဆရာ ပန်းချီစသော ဆန်းကြယ်သောအမှုကို ပြုတတ်သောကြောင့် စိတ်မည်သောဟု ဆို၏၊ ပန်းချီစသော ဆန်းကြယ်သော အမှုကိုသာ ပြုတတ် သောကြောင့်စိတ်မည်သလော စုဒ်ရှိရကား "တထာ" စသည်ကို မိန့်သော်။

တထာစ၊ထိုမှတပါးလည်း။တထာအထဝါ၊တနည်းသော်ကား။ (တထာ တိ အထဝါ။ယောဇနာ)။ဒေဝမနုဿနိရယတိရစ္ဆာနဘေဒါသု၊ နတ်,လူ,ငရဲ, တိရစ္ဆာန်အပြားရှိကုန်သော။ဂတီသုဂတိတို့၌။ ကမ္မလိင်္ဂသညာဝေါဟာရဒိ ဘေဒါ၊ ကံ, လိင်, သညာ, ဝေါဟာရစသည် အပြားရှိသော။ အဇ္ဈတ္တိကံ၊ ဣန္ဒြိယဗဒ္ဓဖြစ်သော။ယဒေတံ ယံဧတံစိတ္တံ၊ အကြင်ဆန်းကြယ်သော အနက် သည်။ အတ္ထိ၊ ၏။ တမ္ပိ၊ ထိုဆန်းကြယ်သော အနက်ကိုလည်း။ စိတ္တကတ မေဝ၊ အဘိသင်္ခါရဖြစ်သော ဉာဏ်သည်သာလျှင်ပြုအပ်သည်။ ဟောတိ၊ ၏။

မှတ်ဖွယ်။ ။ထိုဂ်စသည်ကို ကြွမ္ပာပြုလျက်"တမ္ပိ စိတ္တကတမေဝ"ဟုဆိုသည်ကား စိတ်၏ မူလကရဏ အဖြစ်ကိုရည်၍ ဆိုသတည်း။

http://www.dhammadownload.com



စိတ္တကတမေဝါတိ စိတ္တသာ မလကာရဏတ် သန္တာယဝုတ္တံ၊ ကမ္မသာ ဟောတံ စိတ္တံ ကာရဏန္တိ။ တံ ပန အတ္တံ ဝိဘာဝေတုံ ကာယကမ္မာဒိဘေဒံ တိ အာဒိမာဟ၊ ဋီကာ ၆၅-ဆ။

ဟိ၊ထိုအနက်ကိုထင်စွာပြအံ့။ ကာယကမ္မာဒိဘေဒံ၊ ကာယကံစသည် အပြား ရှိသော။ဒါနသီလဟိ သာ သာဓေယျာဒိနယပ္ပဝတ္တံ၊ဒါန, သီလ,ညှဉ်းဆဲခြင်း စဉ်းလဲခြင်းအစရှိသောနည်းဖြင့် ဖြစ်သော။ ကုသလာကုသလကမ္မံ၊ကို။ စိတ္တ နိပ္ဖါဒိတံ၊ စိတ်သည် ပြီးစေအပ်သည်။ ဟောတိ၊၏။ တသ္မာ၊ ထိုသို့စိတ်သည် ပြီးစေအပ်သည့်၏အဖြစ်ကြောင့်။ (ထည့်) ။ကမ္မနာနတ္တံ၊ကံထူးသည်၏ အဖြစ် သည်။ဟောတိ၊၏။စ၊ဆက်။ကမ္မနာနတ္တေနေဝ၊ ကံထူးသည်၏အဖြစ်ကြောင့် သာလျှင်။တာသုတာသုဂတီသု၊ ထိုထိုဂတိတို့၌။ ဟတ္ထ ပါဒ ကဏ္ဏဥဒရ ဂီဝါ မုခါဒိ သဏ္ဌာနဘိန္နံ၊ လက်, ခြေ, နား, ဝမ်း, လည်မျက်နှာစသော သဏ္ဌာန်၏ ကွဲပြားထူးခြားသည်ဟု ဆိုအပ်သော။ လိင်္ဂနာနတ္တံ၊သဏ္ဌာန်ထူးခြား ကွဲပြား သည်၏ အဖြစ်သည်။ ဟောတိ၊ ၏။

မှတ်ဖွယ်။ ။သဏ္ဌာနနှင့်လိင်္ဂ၊ဘိန္နနှင့် နာနတ္တအနက်တူ။ လိင်္ဂနာနတ္တန္တိ သဏ္ဌာန နာနတ္တ။ ဋီကာ-၆၅ဆ။

လိင်္ဂနာနတ္တတော၊ လိင်ထူးသည်၏ အဖြစ်ကြောင့်။ ယထာဂဟိတသဏ္ဌာန ဝသေန၊အကြင်အကြင်ယူအပ်မှတ်အပ်သော သဏ္ဌာန်၏အစွမ်းဖြင့်။ "အယံ၊ ဤသူသည်။ဣတ္ထီ၊ မိန်းမတည်း။ အယံ၊ ဤသူသည်။ ပုရိသော၊ ယောကျ်ား တည်း။"ဣတိ၊သို့။ ဥပ္ပဇ္ဇမာနာယ၊ဖြစ်သော။ သညာယ၊သညာ၏။ နာနတ္တံ၊ သည်။ဟောတိ၊၏။ သညာနာနတ္တတော၊ သညာထူးသည်၏အဖြစ်ကြောင့်။ သညာနုရူပေန၊ သညာအားလျော်သဖြင့်။ ဣတ္ထီတိဝါ၊ ဟူ၍၎င်း။ ပုရိသော တိဝါ၊ ဟူ၍၎င်း။ ဝေါဟာရန္တာနံ၊ ခေါ်ဝေါ်သော သူတို့၏။ ဝေါဟာရ နာနတ္တံ၊သည်။ ဟောတိ၊ ၏။

အနုသန္ဓိ။ ။အတိတ်ကံကြောင့် ပစ္စုပ္ပန် ဖြစ်သောလိင်၊ လိင်ကြောင့်သညာ၊ သညာကြောင့် ဝေါဟာရဖြစ်သည်ကိုပြပြီး၍၊ ဝေါဟာရ၏အစွမ်းဖြင့် ပစ္စုပ္ပန် ကံ၏ ဖြစ်ခြင်းကိုပြလိုရကား "ဝေါဟာရနာနတ္တဝသေနပန" စသည်ကို မိန့် သော်၊ ထိုရင်းကား "ဝေါဟာရ နာနတ္တဝသေန ပန ယသ္မာ။ပ။တသ္မာ"ကို မိန့်သော်။

http://www.dhammadownload.com



ပန၊ အဖွိုတပါးကို ဆိုအံ့။ ဝေါဟာရနာနတ္တဝသေန၊ ဝေါဟာရ ထူးသည်၏ အစွမ်းဖြင့်။ ယသ္မာ၊ ကြောင့်။ "ဂူတ္ထိ၊ သည်။ ဘဝိဿာမိ၊ ဖြစ်ရလို၏။ ပုရိသော၊ သည်။ ဘဝိဿာမိ၊ ၏။ ခတ္တိယော၊သည်။ ဘဝိဿာမိ၏။ ဗြာဟ္မဏော၊သည်။ ဘဝိဿာမိ၏"။ ဂူတိဝေံပတ္ထနာဝိသေသေန၊ဤသို့တ္ထနာအထူးဖြင့်။ တဿတဿ အတ္တဘာဝဿ၊ ထိုထိုအတ္တဘောကို။ ဇနကကမ္မံ၊ ဖြစ်စေတတ်သောကံကို။ကရိယတိ၊ပြုအပ်၏။တသ္မာ၊ထိုကြောင့်။ ဝေါဟာရနာနတ္တတော၊ဝေါဟာရထူးသည်၏အဖြစ်ကြောင့်။ ကမ္မနာနတ္တံ၊သည်။ ဟောတိ၊၏။

**အနုသန္ဓေ။** ။ဝေါဟာရကြောင့် ပန္တုပွန်ကံဖြစ်သည်ကိုပြပြီး၍၊ပန္တုပွန်ကံကြောင့် အနာဂတ်ဖြစ်သော လိင်္ဂနာနတ္တ စသည်တို့၏ ဖြစ်ခြင်းကို ပြသဖြင့် ပဋိစ္စသမုပ္ပါဒ်တို့၏ အစဉ်ဟု ဆိုအပ်သော သံသရာကို စပ်တော်မူလိုသော အဋ္ဌကထာဆရာသည် "တံပနေတံ ကမ္မနာနတ္တံ" စသည်ကို မိန့်သော်။

ပန၊အဖွိုတပ္ပါးကို ဆိုအံ့။ တံဧတံကမ္မနာနတ္တံ၊ ထိုကံထူးသည်၏ အဖြစ်သည်။ ယထာပတ္ထိတံ၊အကြင်အကြင် တောင့်တအပ်သော။ ဘဝံ၊ဘဝကို။ နိဗ္ဗတ္တေန္တံ၊ ဖြစ်စေသည်ရှိသော်။ယသ္မာ၊အကြင်ကြောင့်။ ဂတိဝသေန၊ဂတိ၏အစွမ်းဖြင့်။ နိဗ္ဗတ္တေတိ၊ ဖြစ်စေ၏။ တသ္မာ၊ ထိုသို့ ဂတိ၏အစွမ်းဖြင့် ဖြစ်စေသည်၏အဖြစ် ကြောင့်။ ကမ္မနာနတ္တတော၊ ကံထူးသည်၏ အဖြစ်ကြောင့်။ ဂတိနာနတ္တံ၊ ဂတိထူးသည်၏အဖြစ်သည်။ ဟောတိ၊ ၏။

**မှတ်ဖွယ်။** ။ဤ၌ ကမ္မနာနတ္တတော ဂတိနာနတ္တံ ဟူသောပါဌ်ဖြင့် ကမ္မနာနတ္တကြောင့် ဂတိထူးသည်၏ အဖြစ်ကိုသာ ပြ၏။ အသို့လျှင် အနာဂတ်ဖြစ်သော လိင်္ဂနာနတ္တ အစရှိသည်တို့၏ ဖြစ်ခြင်းကို ပြသဖြင့် သံသရာစက်ကို စပ်သနည်း ဟူမူ ကမ္မနာနတ္တံ ဟူသောပါဌ်ဖြင့် ဂတိအစရှိသည်တို့၏အထူးကို မှချအားဖြင့် ပြ၏။ ဂတိ၌ အပါဒက အစရှိသော အထူးကို ပြသဖြင့် လိင်္ဂနာနတ္တကို ပြ၏။ လိင်္ဂနာနတ္တကို ပြသည်ရှိသော် သညာနာနတ္တ အစရှိသည်တို့ကို ပြအပ်ကုန်သည် သာလျှင်တည်း။ ထိုကြောင့် ဆဝစက်သည် လည်၍ဖြစ်၏ဟု မှတ်အပ်၏။

**အနုသန္ဓေ။** ။ကမ္မနာနတ္တကြောင့် ဂတိနာနတ္တသာ ဖြစ်သလော စုဒ်ရှိရကား "ကမ္မနာနတ္တေနေဝ စ"စသည်ကို မိန့်သော်။

စ၊ ဆက်။ ကမ္မနာနတ္တေနေဝ၊ ကံထူးသည်၏ အဖြစ်ကြောင့်သာလျှင်။ တေသံတေသံသတ္တာနံ၊ ထိုထိုသို့သော သတ္တဝါတို့၏။ တဿာတဿာ ဂတိယာ၊ငါးပါးသော ဂတိထိုထို၌။ အပါဒက ဒွိပါဒကာ ဒိတာစ၊ အခြေ

http://www.dhammadownload.com



မရှိသော သတ္တဝါ, အခြေနှစ်ချောင်းရှိသော သတ္တဝါအစရှိသည်၏ အဖြစ် သည်ရင်း။ ကမ္မနာနတ္တေနေဝ၊ ကြောင့်သာလျှင်။ (ထည့်)။ တသာတသာ ဥပပတ္တိယာ၊ ထိုထိုသို့သော ဂေါ, မဟိံသ အစရှိသော ခတ္တိယအစရှိသော စာတုမဟာရာဇိက အစရှိသော ဥပပတ္တိဘဝ၌။ ဥစ္စနီစာဒိတာစ၊ အမျိုး စည်းစိမ်, အစိုးရခြင်း အစရှိသည်တို့ဖြင့် မြင့်သောသူ နိမ့်သောသူ အစရှိ သည်၏အဖြစ်သည်ရင်း။ ကမ္မနာနတ္တေနေဝ၊ ကြောင့်သာလျှင်။ တသ္မိံ တသ္မိံ အတ္တဘာဝေ၊ ၌။ သုဝဏ္ဏဒုဗ္ဗဏ္ဏာဒိတာစ၊ ကောင်းသော အဆင်းရှိသည် မကောင်းသောအဆင်းရှိသည် အစရှိသည်အဖြစ်သည်ရင်း။ ကမ္မနာနတ္တေ နေဝ၊ ကြောင့်သာလျှင်။ လောကဓမ္မေသု၊ တို့၌၊ လာဘာလာဘာဒိတာစ၊ လာဘ်ရှိသည် လာဘ်မရှိသည် အစရှိသည်အဖြစ်သည်ရင်း။ ပညာယတိ၊ ထင်ရှား၏။ တသ္မာ၊ ထိုသို့ ထင်ရှားသည်အဖြစ်ကြောင့်။ ဒေဝမနုဿနိရယ တိရစ္ဆာန ဘေဒါသု၊ ကုန်သော။ ဂတီသု၊ တို့၌။ ကမ္မလိင်္ဂသညာဝေါဟာရ ဒိဘေဒံ၊ သော။ အဇ္ဈတ္တိကံ၊ သော။ သဗ္ဗံ၊ သော။ တေံစိတ္တံ၊ ကို။ စိတ္တေနေဝ၊ သည်သာလျှင်။ ကတံ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

**မှတ်ဖွယ်။** ။တသ္မာ စသည်ကား ပဌဂုဏ်။ ကမ္မနာနတ္တေနေဝကား နောက်ပုဒ် တို့သို့ လိုက်။

**အနုသန္ဓေ။** ။ထို ဆိုအပ်ပြီးသော အနက်ကို အဘယ်ပါဠိ၏ အစွမ်းဖြင့် သိအပ် သနည်း စုဒ်ရှိရကား "သွာယမတ္ထော"စသည်ကို မိန့်သော်။
သံဂါယနာသုံးတန်သို့ မတင်သောပါဠိ၏ အစွမ်းဖြင့် သိအပ်သောဟု ဆို၏၊ သံဂါယနာသုံးတန်သို့ မတင်သောပါဠိကို အဘယ်ဟောတော်မူသနည်း စုဒ်ရှိရ ကား "ဝုတ္တံဟေတံ။ လ။ သုခဒုက္ခေတိ"ကို မိန့်သော်။

သွာယံ သောအယံအတ္ထော၊ ထိုဆိုအပ်ပြီးသောအနက်ကို။ သင်္ဂီတိယံ၊ သံဂါယနာသို့။ (သင်္ဂီတိတ္တယံရှိမူ သံဂါယနာသုံးတန်သို့ပေး)။ အနာရုဠ္ဟသာ၊ မတင်အပ်သော။ ဣမဿ သုတ္တဿ၊ ၏။ ဝသေန၊ ဖြင့်။ ဝေဒိတဗ္ဗော၊ ၏။ ဟိ၊ သစ္စံ၊ ၏။ ကမ္မနာနတ္တပုထုတ္တ။ ပ။ သုခဒုက္ခေတိ၊ သုခဒုက္ခေဟူသော။ ဧတံသုတ္တံ၊ ကို။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ၏။

ကမ္မနာနတ္တ ပုထုတ္တပ္ပဘေဒဝတ္ထာန ဝသေန၊ ကံ၏အချင်းချင်းမတူ ထူး သောသဘောရှိသည်၏အဖြစ်ကို မရောမယှက်သောအားဖြင့် မှတ်ခြင်း ပိုင်း

http://www.dhammadownload.com



ခြားခြင်း များသောအပြားရှိသည်၏အဖြစ်ကို မှတ်ခြင်း ပိုင်းခြားခြင်း တခုသောအပြား၏ အစိတ်အစိတ် ကွဲပြားခြင်းကို မှတ်ခြင်း ပိုင်းခြားခြင်း၏ အစွမ်းဖြင့်။ လိင်္ဂနာနတ္တပုထုတ္တပ္ပဘေဒဝဝတ္ထာနံ၊ လိင်၏ အချင်းချင်း မတူထူးခြားသော သဘောရှိသည်၏ အဖြစ်ကို မရောမယှက်သောအားဖြင့် မှတ်ခြင်း ပိုင်းခြားခြင်း များသောအပြားရှိသည်၏အဖြစ်ကို မှတ်ခြင်း ပိုင်းခြားခြင်း တခုသောအပြား၏ အစိတ်အစိတ်ကွဲပြားခြင်းကို မှတ်ခြင်း ပိုင်းခြားခြင်းသည်။ ဘဝတိ၊၏။ (ဝဝတ္ထာနံ ပစ္စေကံ ယောဇေတဗ္ဗံ)။

**အဓိပ္ပါယ်။** ။ကမ္မနာနတ္တစသည် တို့တွင် ကုသိုလ်, အကုသိုလ်၏ အစွမ်းဖြင့် ကမ္မနာနတ္တကို သိအပ်၏။ အချင်းချင်းမတူ ထူးသောသဘောရှိသည်၏ အဖြစ်ကို နာနတ္တဟုဆိုသတည်း။ ကုသိုလ်ကံ၏ ဒါနစသည်တို့၏ အစွမ်းဖြင့်ငင်း၊ ကာယသုစရိုက်စသည်တို့၏ အစွမ်းဖြင့်ငင်း များသောအပြားရှိသည်၏ အဖြစ်ကို သိအပ်၏၊ အကုသိုလ်ကံ၏လည်း မစ္ဆရိတာစသည်၏ အစွမ်းဖြင့်ငင်း၊ ကာယဒုစရိုက်စသည်တို့၏ အစွမ်းဖြင့်ငင်း များသောအပြားရှိသည်၏ အဖြစ်ကို သိအပ်၏။ များသောအပြားရှိသည်၏ အဖြစ်ကို ပုထုတ္တဆိုသတည်း။ အန္နဒါန စသည်တို့၏ အစွမ်းဖြင့် ဒါနစသည်တို့၏ ပဘေဒကိုငင်း၊ ပါဏာတိပါတ ဝိရတိစသည်တို့၏ အစွမ်းဖြင့် ကာယသုစရိုက် စသည်တို့၏ ပဘေဒကိုငင်း၊ အာဝါသ မစ္ဆရိယစသည်တို့၏ အစွမ်းဖြင့် မစ္ဆရိတာစသည်တို့၏ ပဘေဒကိုငင်း၊ ပါဏာတိပါတ စသည်တို့၏ အစွမ်းဖြင့် ကာယဒုစရိုက် စသည်တို့၏ ပဘေဒကိုငင်း သိအပ်၏။ "ဧကေကဿပိ ပကာရဿ ဘေဒေါ ပဘေဒေါ" တခုတခုသောအပြား၏ အစိတ်အစိတ် ကွဲပြားခြင်းကို ပဘေဒဆိုသတည်း။ လိင်္ဂနာနတ္တ ပုထုတ္တပဘေဒတို့၏ အထူးကား ဇာတိပုရိသသဒ္ဒါ၏ အစွမ်းအားဖြင့် လိင်္ဂနာနတ္တကို သိအပ်၏။ ဒေဝမနုဿတိရစ္ဆာနစသည်တို့၏ အစွမ်းအားဖြင့် ဇာတိလိင်၏ပုထုတ္တကို သိအပ်၏။ ပုရိသလိင်၏ ပုထုတ္တကိုလည်း ထိုအတူ သိအပ်၏။ ဒေဝစသည်ပြားသော ဇာတိလိင်၏အသီးအသီး နာနတ္တကာယဟု ဆိုအပ်သော အချင်းချင်းမတူသော သဘော၏ငင်း၊ ဒေဝစသည်အပြားဖြင့် ပြားသောအတုံး၏ အစွမ်းဖြင့် ပဘေဒကို သိအပ်၏။ ထို့အတူ ပုရိသလိင်၌ ပဘေဒကိုသိအပ်၏။ တနည်းသော်ကား....လိင်ကိုဖြစ်စေတတ်သောကံ၏ ဆိုအပ်ပြီးသောအပြားရှိသော နာနတ္တစသည်တို့၏ အစွမ်းဖြင့် လိင်၏နာနတ္တ စသည်တို့ ယှဉ်အပ်ကုန်၏။ လိင်္ဂနာနတ္တ စသည်တို့၌ ဖြစ်သည်၏ အဖြစ်ကြောင့် သညာစသည်တို့၏ နာနတ္တစသည်တို့ကို ယှဉ်အပ်ကုန်၏။ ထိုကြောင့် မဟာတ်လော "ကမ္မနာနတ္တာဒိယိ နိဗ္ဗတ္တာနိ ယိ တာနိ"ဟု ငိုက်ဘာမိန့်သကား။ ဟိသဒ္ဒါ၏။ တာနိ လိင်္ဂနာနတ္တာဒီနိ၊ ထိုလိင်္ဂနာနတ္တစသည်တို့သည်။ ကမ္မနာနတ္တာဒိဟိ၊ ကမ္မနာနတ္တ စသည်တို့ကြောင့်။ နိဗ္ဗတ္တာနိ၊ ဖြစ်ကုန်၏။

http://www.dhammadownload.com



လိင်္ဂနာနတ္တ ပုထုတ္တပ္ပဘေဒ ဝဝတ္ထာနဝသေန၊ ဖြင့်။ သညာနာနတ္တပုထုတ္တပ္ပဘေဒနဝဝတ္ထာနံ၊ သည်။ ဘဝတိ၊ ၏။ သညာနာနတ္တ ပုထုတ္တပ္ပဘေဒဝဝတ္ထာနဝသေန၊ဖြင့်။ ဝေါဟာရနာနတ္တပုထုတ္တပ္ပဘေဒဝဝတ္ထာနံ၊သည်။ သမ္ဘဝတိ၊၏။ ဝေါဟာရနာနတ္တပုထုတ္တပ္ပဘေဒဝဝတ္ထာနဝသေန၊ ဖြင့်။ ကမ္မနာနတ္တပုထုတ္တပ္ပဘေဒဝဝတ္ထာနံ၊ သည်။ ဘဝတိ၊ ၏။

အနုသန္ဓေ။ ။ကမ္မနာနတ္တပုထုတ္တပ္ပဘေဒဝဝတ္ထာနံ အစရှိသော ပါဠိတို့ဖြင့် အတိတ်ကံကြောင့် ပစ္စုပ္ပန်လိင်၏ ဖြစ်ခြင်းကိုရင်း၊ ထိုသညာဝေါဟာရတို့၏ အစဉ်ဖြင့် ပစ္စုပ္ပန်ကံ၏ ဖြစ်ခြင်းကိုရင်း ပြတော်မူပြီး၍ ထိုပစ္စုပ္ပန်ကံကြောင့် အနာဂတ်ဖြစ်သော လိင်္ဂနာနတ္တ စသည်တို့ဖြစ်ခြင်းကို ပြသဖြင့် ပဋိစ္စသမုပ္ပါဒ် အစဉ်ဟု ဆိုအပ်သော သံသရာကို စဝ်တော်မူလိုသော မြတ်စွာဘုရားသည် "ကမ္မနာနာကရဏံ ပဋိစ္စ"စသည်ကို မိန့်သော်။

ကမ္မနာနာကရဏံ၊ ကံ၏အသီးအသီးကွဲပြားသည်ကို ပြုတတ်သောအထူးကို။ ပဋိစ္စ၊ စွဲ၍။ သတ္တာနံ၊ တို့၏။ ဂတိယာ၊ ငါးပါးသောဂတိ၌။ နာနာကရဏံ၊ သည်။ ပညာယတိ၊ ထင်၏။

အနုသန္ဓေ။ ။ကမ္မနာနာကရဏကို စွဲ၍ သတ္တဝါတို့၏ ဝတိ၌အထူးသည် အသို့ ထင်သနည်း စုဒ်ရှိရကား "အပဒါ"စသည်ကို မိန့်သော်။

အပဒါ၊ ခြေမရှိကုန်သောသတ္တဝါတို့သည်ရင်း။ပ။နေဝသညီ နာသညိနော၊ သညာရှိသည်လည်းမဟုတ် မရှိသည်လည်း မဟုတ်ကုန်သော သတ္တဝါတို့သည်ရင်း။ပညာယန္တိ၊ကုန်၏။ ကမ္မနာနာကရဏံ၊ကို။ ပဋိစ္စ၊ စွဲ၍။ သတ္တာနံ၊ တို့၏။ ဥပပတ္တိယာ၊ ဂေါမဟိံသအစရှိသော ခတ္တိယ စသော စာတုမဟာရာဇိကစသော ဥပပတ္တိဘဝ၌။ နာနာကရဏံ၊သည်။ ပညာယတိ၊၏။ ဥစ္စနီစတာ၊မြင့်သည်၏အဖြစ် နိမ့်သည်၏အဖြစ်သည်။ ဟိနပဏီတတာ၊ ယုတ်သည်၏အဖြစ် မြတ်သည်၏ အဖြစ်သည်။ သုဂတဒုဂ္ဂတတာ၊ ဥစ္စာစည်းစိမ် ကုံလုံ ကြွယ်ဝသည်၏အဖြစ် ဝတ်စားတန်ဆာ ဥစ္စာမဲ့မွဲ ဆင်းရဲသည်၏အဖြစ်သည်။ ပညာယတိ၊ ၏။ ကမ္မနာနာကရဏံ၊ ကို။ ပဋိစ္စ၊ စွဲ၍။ သတ္တာနံ၊ တို့၏။ အတ္တဘာဝေ၊ အတ္တဘော၌။ နာနာကရဏံ၊ သည်။ ပညာယတိ၊၏။ သုဝဏ္ဏဒုဗ္ဗဏ္ဏတာ၊အဆင်းကောင်းသည်၏ အဖြစ် အဆင်းမကောင်းသည်၏ အဖြစ်သည်။ သုဇာတဒုဇ္ဇာတတာ၊ နိဂြောဓပရိမဏ္ဍလစသော အရပ် အလုံးတို့ ဖြင့်ရင်း

http://www.dhammadownload.com



သုပ္ပတိဋ္ဌိတပါဒစသော လက္ခဏာတို့ ဖြင့်ရှင်း အတ္တဘော၏ ပြည့်စုံစွာဖြစ်သည်၏ အဖြစ် မပြည့်စုံသည်၏ အဖြစ်သည်။ သုသဏ္ဌိတဒုသဏ္ဌိတတာ၊ အင်္ဂါကြီးငယ်တို့၏ အစွမ်းဖြင့် ကောင်းသော သဏ္ဌာန်ရှိသည်၏ အဖြစ် မကောင်းသောသဏ္ဌာန်ရှိသည်၏ အဖြစ်သည်။ ပညာယတိ၊၏။ ကမ္မံနာနာကရဏံ၊ ကို။ ပဋိစ္စ၊ ၍။ သတ္တာနံ၊ တို့၏။ လောကဓမ္မေ၊ လောကဓံ၌။ နာနာကရဏံ၊ သည်။ ပညာယတိ၊ ၏။ လာဘာလာဘော၊ လာဘ်ပေါများသည် လာဘ်နည်းပါးသည်၏ အဖြစ်၌။ ယသာယသော၊ အခြံအရံအကျော်အစော ပြည့်စုံသည်၏အဖြစ် အခြံအရံ အကျော်အစောမဲ့ သည်၏ အဖြစ်၌။ နိန္ဒာပသံသာယံ၊ ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်း၌။ သုခဒုက္ခေ၊ ချမ်းသာဆင်းရဲ၌။ နာနာကရဏံ၊ သည်။ ပညာယတိ၊ ထင်၏။

**အဓိပ္ပါယ်**။ ။အမျိုး၏အစွမ်းအားဖြင့် ဥစ္စနီစတာကို ယှဉ်အပ်၏။ ဗုဒ္ဓသရိယ၏ အစွမ်းအားဖြင့် ဟီနပဏီတတာကို ယှဉ်အပ်၏။စည်းစိမ်ဥစ္စာ၏အစွမ်းအားဖြင့် သုဂတဒုဂ္ဂတအဖြစ်ကို ယှဉ်အပ်၏။ အဖြူ, အမဲ အစရှိသော အဆင်းတို့၏ စင်ကြယ်ခြင်း မစင်ကြယ်ခြင်းတို့၏ အစွမ်းအားဖြင့် သုဝဏ္ဏဒုဗ္ဗဏ္ဏတာကို ယှဉ်အပ်၏။ နိဂြောဓပရိမဏ္ဍလ စသော အာရောဟ ပရိဏာဟတို့ဖြင့်ရှင်း အတ္တဘော၏ အပြည့်အစုံ ဖြစ်သည်၏ အဖြစ် မပြည့်မစုံ ဖြစ်သည်၏အဖြစ်၏ အစွမ်းအားဖြင့် သုဇာတ ဒုဇ္ဇာတတာကို ယှဉ်အပ်၏။ အင်္ဂါကြီးငယ်တို့၏ သဏ္ဌာန်၏ အစွမ်းအားဖြင့် သုသဏ္ဌိတဒုသဏ္ဌိတတာကို ယှဉ်အပ်၏။

**အနုသန္ဓေ**။ ။အရှင် အဋ္ဌကထာဆရာ၊ ကံ, လိင်, သညာ ဝေါဟာရ အစရှိသော အဇ္ဈတ္တသန္တာန်၌ဖြစ်သောဆန်းကြယ်သော တရားအပေါင်း၏ စိတ်သည်ပြုအပ်သည်၏အဖြစ်ကို ပြီးစေတတ်သော ဤသုတ်မှ တပါးသောသုတ်ကို မြတ်စွာဘုရား ဟောတော်မူပါ၏လော စောဒနာရန်ရှိ၍"အပရမ္ပိ ဝုတ္တံ" စသည်ကို မိန့်သော်၏။

အပရမ္ပိ၊ ဆိုအပ်ပြီးသောသုတ်မှ တပါးလည်းဖြစ်သော။ သုတ္တံ၊ ဣန္ဒြိယဗဒ္ဓ၌ ဆန်းကြယ်သော တရားအပေါင်း၏ စိတ်သည် ပြုအပ်သည်၏ အဖြစ်ကို ပြီးစေတတ်သော သုတ်ကို။ (ထည့်)။ "ကမ္မတော။လ။ဟီနပဏီတတာယာ"တိ၊ ဟူ၍။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

**ဂါထာနက်**။ ။ကမ္မတော စ၊ မူလအကြောင်းဖြစ်သော ကံကြောင့်ရှင်း။ လိင်္ဂတော စ၊ အာသန္နအကြောင်းဖြစ်သော လိင်ကြောင့်ရှင်း။ လိင်္ဂသညာ၊ လိင်၌ဖြစ်သော သညာတို့သည်။ ပဝတ္တရေ၊ ဖြစ်ကုန်၏။

http://www.dhammadownload.com



(တနည်း) ကမ္မတော၊ ကံကြောင့်ရင်း။ လိင်္ဂတောစေဝ၊ လိင်ကြောင့် ရင်း။ လိင်္ဂသညာ၊ လိင်သညာတို့သည်။ ပဝတ္တရေ၊ ကုန်၏။

**ဝစနတ္ထ။** ။ ရှေ့ဝိကပ်အလို "လိင်္ဂေ ပဝတ္တာ သညာ လိင်္ဂသညာ" ပြု။ နောက် ဝိကပ်၌ "လိင်္ဂဥ္စ သညာစ လိင်္ဂသညာ" ဟု ဒွန်ပြု။ ကံကြောင့် လိင်၊ လိင်ကြောင့် သညာသည်ဖြစ်၏ဟု အစဉ်အတိုင်းမှတ်။

သညာတော၊ ဣတ္ထိ, ပုရိသအစရှိသော လိင်ကြောင့်ဖြစ်သော သညာ ကြောင့်။ ဝေဓမ္မာ၊ ထိုဣတ္ထိ, ပုရိသဟူ၍ ခေါ်ဝေါ်အပ်သောရုပ်, နာမ် တရားတို့သည်။ (ထည့်) ။ အယံ၊ ဤသူသည်။ ဣတ္ထိ၊ မိန်းမတည်း။ ဣတိ၊ ဤသို့ရင်း။ အယံ၊ သည်။ ပုရိသော၊ ယောကျ်ားတည်း။ ဣတိ၊ ဤသို့ ရင်း။ ဘေဒံ၊ ခေါ်ဝေါ်ခြင်းအထူးသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

**မှတ်ဖွယ်။** ။ ဤပဒ္မဂါထာဖြင့်အတိတ်အစ္စန္နပစ္စုပ္ပန်အစ္စန္နဟုဆိုအပ်သောကာ... နှစ်ပါးဖြစ်သော ပဋိစ္စသမုပ္ပါဒ်၏ အစွမ်းဖြင့် အဘိသင်္ခါရဝိညာဉ် ဟုဆိုအပ် သော စိတ်သည် ပြုအပ်သော ဆန်းကြယ်သောတရားကိုပြ၏။

**ဂါထာနက်။** ။ ကမ္မုနာ၊ ကြောင့်။ လောကော၊ သတ္တလောကသည်။ ဝတ္တတိ၊ ၏။ ကမ္မုနာ၊ ကြောင့်။ ပဇာ၊ သတ္တဝါသည်။ ဝတ္တတိ၊ ၏။ ယာယတော၊ သွားသော။ ရထဿ၊ ၏။ ဝါ၊ ကို။ အာဏိ၊ နားပန်းစွန်း သည်။ ဗန္ဓနာဣဝ၊ ဖွဲ့သကဲ့သို့။ သတ္တာ၊ တို့ကို။ ကမ္မနိဗန္ဓနာ၊ ကံသည် ဖွဲ့အပ်ကုန်၏။ (တနည်း)။ သတ္တာ၊ တို့သည်။ ကမ္မနိဗန္ဓနာ၊ ကံမှု အဖွဲ့ ရှိကုန်၏။

**မှတ်ဖွယ်။** ။ ပိယတော ဇာယတီ သောကော၊ ပိယတော ဇာယတီ ဘယံ။
ပိယတော ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။

ဟူသောဂါထာ၌ ဆန်းအလို့ငှာ ဇာယတိ၌ ဇကို ဒိဃပြုသည်။ ဤနည်းကို နှလုံးမသွင်းမိ၍ ဝတ္တတေ ပြင်သည်ကား မှုပျက်သည်။ ဇာတ် ဝိသောဓနေ၌ အရိယဝံသ မဟာထေရ်ကျော် ဤအဆုံးအဖြတ်ကို မိန့်တော်မူသည်။

လောကောဝေ ရထဿ ပဇာတတ္ထာ ပဇာတိ ပုရိမပါဒဿ ဝိဝရဏံ ပစ္ဆိမ ပါဒေါ ဒဋ္ဌဗ္ဗော။ ယထာ ရထဿ အာဏိ နိဗန္ဓနံ ဧဝံ သတ္တလောကဿ ကမ္မံနိဗန္ဓနန္တိ ဥပမာသံသန္ဒနံ ဝေဒိတဗ္ဗံ။ ဇာယတေ ဂါထာယ အဒ္ဓဒ္ဓယဝသေန ဝိတ္ထာယ ကမ္မဝိညာဏကာတတာ ဒဿိတာ။ ။ ဋီကာ ၆၆-ဆ။

http://www.dhammadownload.com



ဂါထာနက်။ ။ကမ္မေန၊ ကံကြောင့်။ကိတ္တိံ၊ မျက်ကွယ်ကျော်စောခြင်းကို။ လဘတိ၊ရ၏။ ကမ္မေန၊ ကံကြောင့်။ပသံသံ၊ မျက်မှောက်ချီးမွမ်းခြင်းကို။ လဘတိ၊ရ၏။ကမ္မေန၊ကံကြောင့်။ဇာနိဥ္စ၊ ရှုံးခြင်းကိုလည်း။ဝဓဥ္စ၊ ညှဉ်းဆဲခြင်းကိုလည်း။ ဗန္ဓဥ္စ၊ နှောင်ဖွဲ့ခြင်းကိုလည်း။ လဘတိ၊ ရ၏။ တံကမ္မနာနာကရဏံ၊ ထိုကံကြောင့်ဖြစ်သော ကိတ္တိ ပသံသအစရှိသောအထူးကို။ ဝါ၊ ကံ၏အကျိုးဆက်ဖြစ်သော ကိတ္တိ ပသံသအစရှိသည်တို့ဖြင့် ဆန်း၍ သိအပ်သော ကံ၏အထူးကို။ဝိဒိတွာ၊သိ၍။လောကော၊ ဒွဲ။ ကမ္မံ၊ ကံသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ကသ္မာ၊ အဘယ်ကြောင့်။ ကော၊ အဘယ်သူသည်။ ဝဒေ၊ ဆိုအံ့နည်း။

မှတ်ဖွယ်။ ။ဤဂါထာ၌လာသတိထည်းဆန်းဒီဇာ။"ကမ္မနာနာကရဏံကြိကမ္မတော နိဗ္ဗတ္တနာနာကရဏံ ကမ္မဖေဟိ အနုမိယမာနံ။ ကမ္မဿေဝ ဝါ နာနာကရဏံ" ဋီကာကို မြေဒ်၍နှစ်နက်ထော်သည်။

မာဏဝါ၊ မာဏဝဟုဆိုအပ်ကုန်သော။ သတ္တာ၊ တို့သည်။ ကမ္မဿကာ၊ ကံလျှင် မိမိဥစ္စာရှိကုန်၏။ ကမ္မဒါယာဒါ၊ ကံ၏အမွေကိုခံတတ်ကုန်၏။ ဝါ၊ ကံသည်ပေးအပ်သောအမွေဥစ္စာကိုခံယူတတ်ကုန်၏။ကမ္မယောနီ၊ကံသာလျှင် အကြောင်းရှိကုန်၏။ ကမ္မဗန္ဓူ၊ ကံသာလျှင် အဆွေအမျိုးရှိကုန်၏။ ကမ္မပဋိသရဏာ၊ ကံသာလျှင် ကိုးကွယ်လည်းလျောင်းရာရှိကုန်၏။ သတ္တေ၊ တို့ကို။ ဟီနပဏီတတာယ၊ အယုတ်အမြတ်၏ အဖြစ်ဖြင့်။ ယဒိဒံ၊ ယံဣဒံဝိဘဇနံ၊ အကြင်ခွဲဝေခြင်းသည်။အတ္ထိ၊၏။တံဝိဘဇနံ၊ထိုခွဲဝေခြင်းကို။ ကမ္မံ၊ ကံသည်။ ဝိဘဇတိ၊ ခွဲဝေ၏။

ကျမ်းတက်။ ။"ကမ္မဿကာ ကမ္မဿယာ" ဟု ဋီကာဖွင့်သည့်ကား သကေသယေ ကဲ့သို့မှတ်ရာသည်။စိတ္တကရဏတာယ၏ အကျယ်ကိုပြပြီး၍ နိဂုံး အုပ်ထိုရကား "ဧဝံ ဣမာယ" စသည်ကို မိန့်သော်။

ဧဝံ ဝုတ္တနယေန၊ ဖြင့်။ ဣမာယ ကရဏစိတ္တတာယ၊ ဤဆန်းကြယ်သော ပန်းချီဆေးစသော အမှုကို ပြုတတ်သည်၏အဖြစ်ကြောင့်။ ဝါ၊ ဂတိစသော ဆန်းကြယ်သော အကျိုးကို ပြုတတ်သည်၏ အဖြစ်ကြောင့်။ စိတ္တဿ၊ ၏။ စိတ္တတာ၊ ဆန်းကြယ်သည်၏ အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ ၏။

http://www.dhammadownload.com



**စောဒနာအနုသန္ဓေ။** ။ဆရာအဇ္ဈတ္တသန္တာန်၌ဖြစ်သော ဆန်းကြယ်သောတရားကိုပြုခြင်းကြောင့် စိတ်မည်သောဟု ဆို၏၊ သာကေပါဠိ၌ ကံသာလျှင် ဆန်းကြယ်ခြင်းကို ပြုခြင်းကို ဆိုသောကြောင့် ဆရာဆိုသော စကားသည် အသို့ဖြစ်၍ သင့်အံ့နည်း စောဒနာရှိရကား''သဗ္ဗာနိပိ''စသည်ကို မိန့်သော်။

ဟိ-သစ္စံ၊ ၏။ သဗ္ဗာနိပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ တောနိ ဝိစိတြာနိ၊ ဤဆိုအပ်ပြီးသော ဆန်းကြယ်သော အကျိုးတို့ကို။ စိတ္တေနေဝ၊ သည်သာလျှင်။ကတာနိ၊ ကုန်၏။

**စောဒနာအနုသန္ဓေ။** ။ဆရာအဇ္ဈတ္တသန္တာန်၌ဖြစ်သော ဆန်းကြယ်သောတရားအပေါင်းကိုစိတ်သည် ပြုအပ်သောဟု ဆရာဆို၏၊ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော ဆန်းကြယ်ခြင်းနှင့်အတူသာစိတ်သည် ဆန်းကြယ်သလော စုဒ်ရှိရကား ''ယဒေတံ စိတ္တေန ကတံ'' စသည်ကိုမိန့်သော်။ အဇ္ဈတ္တသန္တာန်၌ဖြစ်သော ဆန်းကြယ်သော တရားအပေါင်းထက် စိတ်သည်သာ အထူးသဖြင့် ဆန်းကြယ်သည်၏ အဖြစ်ကို ဆရာအဘယ့်ကြောင့် သိယနည်း စုဒ်ရှိရကား ''အလဒ္ဓေါ။ပ။ကရဏာဘာဝတော''ကို မိန့်သော်။

ပန၊ အထူးကို ဆိုအံ့။ အလဒ္ဓေါ ကာသသာ၊ မရအပ်သော အခွင့်ရှိသော။ ဝါ၊ အကျိုးပေးခွင့်ကို မရသော။ စိတ္တဿ၊ ကမ္မ ဝိညာဉ်၏ရင်း။ဝါ ပန၊ တနည်းကား။ အဝသေသ ပစ္စယ ဝိကလံ၊ မိမိမှ ကြွင်းသော ကာလ, ဂတိ, ပယောဂစသော အထောက်အပံ့ ချို့တဲ့သော။ ယံစိတ္တံ၊ အကြင်အပရာ ပရိယ ကမ္မဝိညာဉ်သည်။ အတ္ထိ၊ ရှိ၏။ တဿစိတ္တဿ၊ ထိုအထောက်အပံ့ ချို့တဲ့သော အပရာပရိယ ကမ္မဝိညာဉ်၏ရင်း။ ကေစ္စ စိတ္တကရဏာဘာဝတော၊ စိတ်သည် ပြုသင့်သော ဆန်းကြယ်သော တရားအပေါင်းတွင် အချို့သော ဆန်းကြယ်သောတရားကို ပြုခြင်းမရှိသည်၏ အဖြစ်ကြောင့်။ စိတ္တေန၊ ကမ္မ ဝိညာဉ်စိတ်သည်။ကတံ၊သော။ယဒေတံစိတ္တံ၊ အကြင်ဆန်းကြယ်သောတရားအပေါင်းကို။ ဝုတ္တံ၊ ဆိုအပ်ပြီ။ တတောပိ၊ ထိုဆိုအပ်ပြီးသော အဇ္ဈတ္တိကဖြစ်သော ဆန်းကြယ်သော တရားအပေါင်း ထက်လည်း။ စိတ္တမေဝ၊ သည်သာလျှင်။ စိတ္တတရံ၊ အထူးသဖြင့် ဆန်းကြယ်၏။

**ဋီကာအဓိပ္ပါယ်။** ။အလဒ္ဓေါကာသ အဝသေသပစ္စယဝိကလတို့ အထူးကား အဘယ်နည်းဟူမူ-တဿ ပန အလဒ္ဓေါကာသတာ အညေနကမ္မေန ပဋိဗာဟိတတ္တာ တဒဓိပစ္စနေ့ာကာသေ ပုဂ္ဂလဿ နိဗ္ဗတ္တတ္တာစ ဝေဒိတဗ္ဗာ။ ဝိဇ္ဇမာနမ္ပိ

http://www.dhammadownload.com



အပရာပရိယဝေဒနီယကမ္မဝိညာဏံ ကာလဂတိပယောဂါဒိသဟကာရီပစ္စယ ဝိကလတာယ အဝသေသပစ္စယဝေကလ္လံ ဒဋ္ဌဗ္ဗံ၊ ။ဋီကာ-၆၇-ဆ။

အနက်ကား။ ။ပန၊ အထူးကား။ တဿကမ္မဝိညာဏဿ၊ ၏၊ အလဒ္ဓေါကာသတာ၊ အခွင့်မရသည်၏အဖြစ်ကို။ ဝါ၊ မရအပ်သော အခွင့်ရှိသည်၏အဖြစ်ကို။ အညေန၊ မိမိမှတပါးသော။ ကမ္မေန၊ ဗလဝဖြစ်သောကံသည်။ ပဋိဗာဟိတတ္တာ၊ တားမြစ်သည်၏အဖြစ်ကြောင့်ငှင်း။ တဒဝိပစ္စနောကာသေ၊ ထိုကမ္မဝိညာဉ် အကျိုးမပေးနိုင်ခြင်း၏ အရာဖြစ်သော ရူပဘဝဟူသောဂတိ၌။ ဝါ၊ ဒုဗ္ဘိက္ခစသောကာလ၌။ ပုဂ္ဂလဿ၊ ၏၊ နိဗ္ဗတ္တတ္တာစ၊ ဖြစ်သည်၏ အဖြစ်ကြောင့် ငှင်း။ ဝေဒိတဗ္ဗာ၊ ၏။

ဤနောက်ဟိတ်၌ ကာမာဝစရ အဘိသင်္ခါရ ဝိညာဉ်သည် ရူပဓာတ်၌ စက္ခုဝိညာဉ်စသည်ကိုဖြစ်စေ၍ အနောကာသ၏အဖြစ်ကြောင့် တဒါရုံကို မဖြစ်စေနိုင်သည်ကို ညွှန်ပြအပ်၏၊ တနည်းလည်း ဘုန်းရှိသောပုဂ္ဂိုလ်တို့၏ ဒုဗ္ဘိက္ခကာလ၌ ငတ်မွတ်ပါးရှား၍ ကြာရိုးမှုကိုသာ စားရဘူးသည်ကို ညွှန်ပြအပ်၏။ ဝိဇ္ဇမာနမ္ပိ၊ ထင်ရှားရှိသော်လည်း။ အပရာပရိယဝေဒနီယ ကမ္မဝိညာဏံ၊ သည်။ ကာလဂတိပယောဂါဒိ သဟကာရီပစ္စယ ဝိကလတာယ၊ ကာလ,ဂတိ,ပယောဂ အစရှိသော သဟကာရီပစ္စည်း၏ ချို့သည်၏အဖြစ်ဖြင့်။ အဝသေသပစ္စယ ဝေကလ္လံ၊ ကြွင်းသောပစ္စည်း၏ ချို့သည်၏အဖြစ်ကို။ ဒဋ္ဌဗ္ဗံ၊ ၏။

ပယောဂါဒိ၌ အာဒိသဒ္ဒါဖြင့် စက္ခုစသည်တို့၏ ချို့တဲ့သည်၏အဖြစ် ဟုဆိုအပ်သော ဥပမိဝိကလကို သိမ်းယူ၏။

ဧတ္ထ စ ကာလဂတိဝသေနဝ အလဒ္ဓေါကာသတာ၊ ကာလဂတိပယောဂဥပဓိသမ္ပတ္တိ စတုန္နံ ပစ္စယာနံ ဝိကလဝသေန အဝသေသပစ္စယဝိကလန္တိ အယ မေတေသံ ဝိသေသော။ ပဌမောဝါ ဥပပဇ္ဇဝေဒနီယကမ္မဝသေန ဝုတ္တော။ ဒုတိယော အပရာပရိယကမ္မဝိညာဏဝသေနာတိ အယမေတေသံ ဝိသေသော။ မရ။

အနုသန္ဓေ။ ။ဝုတ္တမေဝတ္ထံ ပါဠိယာ သာဓေန္တော "တေနာဟဘဂဝါ" ဗျာခင်မာဟ။

တေန၊ ထိုစိတ်၏သာလျှင် အထူးသဖြင့် ဆန်းကြယ်သည်၏ အဖြစ်ကြောင့်။ ဘဂဝါ၊ သည်။ "နာဟံ။ပ။စိတ္တတရ"န္တိ၊ ဟူ၍။ အာဟ၊ ၏။ ဘိက္ခဝေ၊ တို့။ တိရစ္ဆာနဂတာ၊ တိရစ္ဆာန်ဖြစ်ကုန်သော။ ဣဒံဣမေပါဏာ၊ တို့သည်။ စိတ္တာယထာ၊ ဆန်းကြယ်ကုန်၏သို့။ (စိတ္တံကို စိတ္တာပြန်) ။ဘိက္ခဝေ၊ တို့။ ဧငံ၊ ဤတိရစ္ဆာန်အတူ။ စိတ္တံ၊ ဆန်းကြယ်သော။ အညံ၊ တိရစ္ဆာန်မှ တပါးသော။ ဧကနိကာယမ္ပိ၊ တခုသော အပေါင်းကိုမျှလည်း။ အဟံ၊ သည်။

http://www.dhammadownload.com



နုသမနုပဿာမိ၊မြင်တော်မမူ။ ဘိက္ခဝေ၊တို့။ တိရစ္ဆာနဂတေဟိ၊ ကုန်သော။ တေဟိပါဏေဟိပိ၊ ထိုသတ္တဝါတို့ထက်လည်း။ စိတ္တံယေဝ၊ စိတ်သည်သာလျှင်။ စိတ္တတရံ၊ အထူးသဖြင့် ဆန်းကြယ်၏။

ဥပ္ပန္နံ ဟောတီတိတ္ထေ၊ ဌ။ ဝတ္တမာနဘူတာပဂတောကာသကတဘူမိလဒ္ဓုပ္ပန္နဝသေန၊ ဝတ္တမာနုပ္ပန္န, ဘူတာပဂတုပ္ပန္န, ဩကာသကတုပ္ပန္န, ဘူမိလဒ္ဓုပ္ပန္နတို့၏ အစွမ်းဖြင့်။ ဥပ္ပန္နံနာမ၊ မည်သည်။ အနေကပ္ပဘေဒံ၊များသော အပြားရှိသည်။ ဟောတိ၊ ၏။ တတ္ထ၊ ထိုဝတ္တမာနုပ္ပန္န အစရှိသော လေးပါးသော ဥပ္ပန္နတို့တွင်။ ဥပ္ပါဒဇရာ ဘင်္ဂသမင်္ဂီသင်္ခါတံ၊ ဥပါဒ်, ဇရာ, ဘင်နှင့် ပြည့်စုံသည်ဟု ဆိုအပ်သော။ သဗ္ဗမ္ပိသင်္ခတံ၊ အလုံးစုံလည်း ဖြစ်သော သင်္ခတတရားသည်။ ဝတ္တမာနုပ္ပန္နံနာမ၊ မည်၏။ ဝါ၊ ဖြစ်ဆဲပစ္စုပ္ပန်ဖြစ်သောဥပ္ပန္နမည်၏။

**ဋီကာအဓိပ္ပါယ်**။ ။''အနုဘဝိတွာစ အပဂတံ ဘူတာပဂတံ''ဟူသော အနက်နှစ်ပါး ရသင့်သည်ကို ပြလိုသော အဋ္ဌကထာ ဆရာသည် ''အာရမ္မဏရသံ အနုဘဝိတွာ'' စသည်ကို မိန့်သော်။ ဘဝိတွာ အပဂတသည် ဘူတာပဂတ မည်သည် ဖြစ်ပစေတော့ ဝန်ခံပါမည်။ အနုဘဝိတွာ အပဂတသည်ကား အဘယ့်ကြောင့် ဘူတာပဂတ မည်ကောင်းအံ့နည်းဟု စောဒနာကို မဖြေထဲ့နိုင် မကြီစည်ထဲ့နိုင်မူ။ ''အနုဘူတဘူတတာဟိ ဘူတတာသာမညေန ဘူတသဒ္ဒေန ဝုတ္တာ''ဟု ဋီကာဆရာ အလွယ်သာ ဖြေပေသည်။

**အနက်ကား**။ ။ဟိ၊ အံ့။ အနုဘူတ ဘူတတာ၊ အနုဘူတဘူတ၏အဖြစ်ကို။ ဝါ၊ အနုဘူတ,ဘူတအနက်နှစ်ပါးကို။ ဘူတတာ သာမညေန၊ ဘူတအဖြစ်အားဖြင့် တူသည်၏ အဖြစ်ကြောင့်။ ဝါ၊ ဘူတသဒ္ဒါ၏ အနက်အားဖြင့် တူသည်၏ အဖြစ်ကြောင့်။ ဘူတသဒ္ဒေန၊ တခုတည်းသော ဘူတသဒ္ဒါသည်။ ဝုတ္တာ၊ ဟောအပ်၏။

အဝိဇ္ဇမာနကေ အတ္ထေ၊ နတံ သတ္တာ ဌပေတဝေ။
ဝိဇ္ဇမာနေ ပနတ္ထမှိ၊ သတ္တကုရှံ ဌပေတဝေ။

ဟူသော ပရိဘာသာကိုထောက်၍ တာပစ္စည်း၏အရ အနက်ကိုပင် ကောက်ရမည်။ ဘူတအနက်ဟူသည်ကိုလည်း ဘဝနတြိယာကိုဝင်ယူ။ အနုဘူတအနက်ကို ဥပသဂ္ဂနှင့် တကွဖြစ်သော ဘူတသဒ္ဒါသည်သာလျှင် ဟောနိုင်သည် မဟုတ်လော၊ ယက်သက်သော ဘူတသဒ္ဒါသည် မဟောနိုင်သည် မဟုတ်လောဟု စောဒနာသည်ကို နှလုံး၌ထား၍ ''သာမညမေဝ ဟိ ဥပသဂ္ဂေန ဝိသေသိယတိ'' ဟု ဋီကာဆရာ မခေါက်မရက်ဖြေရှာပေသည်။
ဟိသဒ္ဒါ၏။ သာမညမေဝ၊သာမညအနက်ကိုသာလျှင်။ဥပသဂ္ဂေန၊ အနုဟူသော

http://www.dhammadownload.com



ဥပသာရပုဗ္ဗိသည်။ ဝိသေသိယတိ၊ အထူးပြုအပ်၏။ ဝါ၊ ထွန်းပြုအပ်၏။ နဝါစကော၊ မဟောတတ်။ ဇှတီတဿ၊ ထိုသို့ မဟောတတ်သည်၏ အဖြစ်ကြောင့်။ ဘူတာသဒ္ဒေန၊ သည်။ ဝုတ္တာ၊ ၏။

ဤဋီကာပါဌ်ဖြင့် အနုဘူတသဒ္ဒါသည် အကြင် အနုဿဝနအနက်ကို ဟောအပ်၏၊ ထိုအနုဿဝနအနက်ကို ဘူတသဒ္ဒါသည်သာလျှင် ဟောတတ်၏ အနုသဒ္ဒါ မဟောတတ်၊ အနုသဒ္ဒါကား ဇောတကသာလျှင် ဖြစ်၏ဟူသော အနက်ကို ပြ၏။ ထိုစကားဆိုသင့်၏၊ နိပါတ်, ဥပသာရတို့သည် လမ်းနား၌ ချိုး၍ထားအပ်သော လမ်းပြသစ်ခက်နှင့်တူကုန်သတည်း၊ ထို့ကြောင့်ဇောတကသာ တင်၍ ဝါစကမတင်သတည်း။ ဥပသာရပုဗ္ဗိတို့၏ ကြိယာအထူးကို အထူးပြုတတ်သည် အဖြစ်ဟူသည်လည်း ဓာတုသဒ္ဒါတို့၏ အနေကတ္ထ၏ အဖြစ်ကြောင့် ဓာတုသဒ္ဒါတို့သည် ဟောအပ်သော ဝိသေသအနက်ကို ထွန်းတတ်သည်၏ အဖြစ်ဖြင့် ဆုံးဖြတ်ခြင်းမျှသာတည်း။ ထို့ကြောင့် အကြင်မျှလောက် ဓာတုသဒ္ဒါသည် ဟောအပ်သောအနက် ဝိသေသတို့သည် ရှိကုန်၏၊ ထိုဓာတုသဒ္ဒါသည် ဟောအပ်သော အနက်တို့တွင် အကြင် အနက်သည် သာမညဖြစ်၍ ဝိသေသမဟုတ်၊ ထိုသာမညဖြစ်သောအနက်ကို ဝိသေသ၌ တည်စေခြင်းသည် ထိုထိုဝိသေသအနက်ကို ထွန်းပြသည်မည်သည်သာတည်း၊ထို့ကြောင့်"သာမညမေဝ ဟိ ဥပသဂ္ဂေန ဝိသေသိယတီတိ"ဟူသော စကားကို ဋီကာရှင် မိန့်ပေသတည်း။

အာရမ္မဏရသံ၊ကို။အနုဘဝိတွာ၊၍။ နိရုဒ္ဓံ၊ ချုပ်ပြီးသော။ အနုဘူတာပဂတံ သခ်ါတံ၊ အာရုံ၏ အရသာကို ခံစားပြီး၍ ကင်းပြီး ချုပ်ပြီးဟု ဆိုအပ်သော။ ကုသလာကုသလံ၊သည်။ဘူတာပဂတုပ္ပန္နံနာမ၊မည်၏။ဝါ၊အာရုံ၏အရသာကို ခံစားပြီး၍ ကင်းပြီး ချုပ်ပြီးသော ဥပ္ပန္နမည်၏။

**ဋီကာ အဓိပ္ပါယ်။** ။ခပ်သိမ်းသော စိတ္တုပ္ပါဒ်တို့၏ ဝေဒနာနှင့်တကွချည်း ဖြစ်သည်၏အဖြစ်ကြောင့် အာရုံ၏အရသာကို ခံစားတတ်သည်ချည်း မဟုတ်ပါလော၊ အဘယ့်ကြောင့် အဋ္ဌကထာဆရာသည် ကုသိုလ်, အကုသိုလ်ကိုသာ ခံစားတတ်သည်၏ အဖြစ်ဖြင့် ဆိုလေသနည်း၊ ဝိပါက်, ကြိယာသည်လည်း အာရုံ၏ အရသာကို ခံစားတတ်ပါသည် မဟုတ်တုံလော သဘော ခကျ၍ စောဒနာမှု....

ဝိကပ္ပဂါဟဝသေန ရာဂါဒီဟိ တဗ္ဗိပက္ခေဟိစ အကုသလံ ကုသလဉ္စ အာရမ္မဏရသံ အနုဘဝတိ။ န ဝိပါကော တမ္ဗဝေဂကိတ္တတ္တာ၊ နာပိကြိယာ အဟေတုကာနံ အတိဒုဗ္ဗလတာယ သဟေတုကာနဥ္စ မိဏကိလေသသာ ဆဠင်္ဂုပေက္ခာဝတော ဥပ္ပန္နမာနာနံ အတိသန္တဝုတ္တိတ္တာ-ဟုဋီကာ (၆၇-ဆ)ဆရာ သဘောကျအောင် ဖြေပြသတည်း။

http://www.dhammadownload.com



**အနက်ကား။** ။ဝိကပ္ပဂါဟဝသေန၊ အထူးကြံ၍ ယူသည့် အစွမ်းဖြင့်။ (ဝိပလ္လာသ၏ အဖြစ်ကြောင့် ကုသိုလ်,အကုသိုလ်ကိစ္စပြီးသတည်း။ ဝိပါက်,ကြိယာတို့၏ ကိစ္စဝိပလ္လာသ မရှိသည်၏အဖြစ်ကြောင့် ထိုဝိပါက်, ကြိယာတို့၏ ကိစ္စပြီးသည် မဟုတ်)။ ရာဂါဒိဟိတ၊ ရာဂအစရှိသည်တို့ဖြင့်ဖွင်း၊ တဗ္ဗိပက္ခေဟိစ၊ ထိုရာဂ စသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော အလောဘ အစရှိသည်တို့ဖြင့်ဖွင်း။ ကုသလဥ္စ၊ ကုသိုလ်သည်ဖွင်း။ အကုသလဥ္စ၊ ဖွင်း။ အာရမ္မဏရသံ၊ ကို။ အနုဘဝတိ၊ ခံစားတတ်၏။ ကမ္မဝေဂက္ခိတ္တတ္တာ၊ ကံအဟုန်သည် ပစ်ချအပ်သည်၏အဖြစ်ကြောင့်။ ဝိပါကောသည်။ အာရမ္မဏရသံ၊ ကို။ နအနုဘဝတိ၊ မခံစားတတ်။ အဟေတုကာနံ၊ အဟိတ်ကြိယာတို့၏။ အတိဒုဗ္ဗလတာယ၊ အလွန်အားနည်းသည်၏ အဖြစ်ကြောင့်ဖွင်း။ ဆဠင်္ဂုပေက္ခာဝတော၊ ဆဠင်္ဂုပေက္ခာနှင့် ပြည့်စုံသော။ ခီဏကိလေသဿ၊ ကုန်ပြီးသော ကိလေသာရှိသော ရဟန္တာပုဂ္ဂိုလ်အား။ ဥပ္ပဇ္ဇမာနာနံ၊ ဖြစ်ကုန်သော။ သဟေတုကာနံ၊ သဟိတ်ကြိယာတို့၏။ အတိသန္တဝုတ္တိတ္တာစ၊ ငြိမ်သက်သော ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့်ဖွင်း။ ကိရိယာပိ၊ ကိရိယာသည်လည်း။ အာရမ္မဏရသံ၊ ကို။ နအနုဘဝတိ၊ မခံစားတတ်။

**အနုသန္ဓေ။** ။အနုဘဝိတ္ဗာ ဟူသော ပဌမဝိကပ်ကို ပြပြီး၍၊ ဘဝိတ္ဗာစသော ဒုတိယဝိကပ်ကို ပြလိုရကား "ဥပ္ပါဒါဒိတ္တယံ" စသည်ကို မိန့်သော်။

ဥပ္ပါဒါဒိတ္တယံ၊ ဥပါဒ်အစရှိသော ခဏသုံးပါး အပေါင်းသို့။ အနုပ္ပတ္တာ၊ အစဉ်အားဖြင့် ရောက်၍။ နိရုဒ္ဓံ၊ ချုပ်ပြီးသော။ ဘူတာပဂတသင်္ခါတံ၊ ခဏသုံးပါးအပေါင်းသို့ အစဉ်အားဖြင့် ရောက်၍ ကင်းပြီး ချုပ်ပြီးသည်ဟုဆိုအပ်သော။ ကုသလာ ကုသလဥ္စ၊ ကုသိုလ်,အကုသိုလ်သည်ဖွင်း။ (စသဒ္ဒါဖြင့် ဝင်)။သေသသင်္ခတဉ္စ၊ ကြွင်းသော သင်္ခတတရားသည်ဖွင်း။ ဘူတာပဂတုပ္ပန္နံ နာမ၊ မည်၏။ ဝါ၊ ခဏသုံးပါး အပေါင်းသို့ အစဉ်အားဖြင့် ရောက်ပြီး၍ ကင်းပြီးချုပ်ပြီးသော ဥပ္ပန္နမည်၏။

**နိက္ခာအမိပ္ပါယ်။** ။နည်းနှစ်ပါးတို့ အထူးကား အဘယ်နည်းဟူမူ-

ဧတ္ထ စ ပုရိမနယေ ကုသလာ ကုသလမေဝ ဝတ္တုံ အဓိပ္ပါယဝသေန ဘူတာပဂတန္တိ ဝုတ္တံ။ ပစ္ဆိမနယေ ပန စသဒ္ဒေန ကုသလာ ကုသလဉ္စ အာကနိတ္တာ ထဗ္ဗံ သင်္ခတံ ဘူတာပဂတ ဘာဝါဘိဓာနာ ဓိပ္ပါယေန။ ။၆၇-ဆ။

**အနက်ကား။** ။စ၊ အထူးကိုဆိုအံ့။ ဧတ္ထ၊ ဤနည်းနှစ်ပါးတို့တွင်။ ပုရိမနယေ၊ ၌။ ကုသလာ ကုသလမေဝ၊ ကုသိုလ်, အကုသိုလ်ကိုသာလျှင်။ ဝတ္တုံ အဓိပ္ပါယဝသေန၊ ဆိုလိုသော ကျမ်းပြုဆရာသည် လိုအပ်သော အဓိပ္ပါယ်တို့မှထူးသော ကုသိုလ်, အကုသိုလ်တို့၏ သာတိသယဖြစ်သော အာရုံ၏ အရသာကို ခံစားသော အခြင်းအရာဟူသော အနက်၏အစွမ်းဖြင့်။ ဘူတာပဂတန္တိ၊ ဟူ၍။ ဝုတ္တံ၊

http://www.dhammadownload.com



ဆိုအပ်၏။ ပန္တိမနယေပန၊ ၌ကား။ ဘူတာပဂတ ဘာဝါဘိဓာနာ မိပ္ပါယေန ကုသိုလ်,အကုသိုလ်တို့၏ ဘူတာပဂတ အဖြစ်ကို့ဆိုခြင်းငှာ လိုသောဆန္ဒတော်ဖြင့်။ ကုသလာ ကုသလဍ္ဍ၊ကိုသည်း။အာကာနိတ္တာ၊ဗာသဒ္ဒါဖြင့်ငင်၍။ယဋ္ဌိ၊ သော။ သဉ်တံ၊ ကို။ ဘူတာပဂတန္တိ၊ ဟူ၍။ (လိုက်)။ဝုတ္တံ၊ ၏။

သတိပိ သမ္ဘဝံ စိတ္တုပ္ပါဒါနံ သဝေဒယိတဘာဝတော အာရမ္မဏာနုဘဝနေ၊ သဝိပလ္လာသေ ပန သန္တာနေ စိတ္တာဘိသင်္ခါရဝသေန ပဝတ္တိတော အဇ္ဈာကတေဟိ ဝိသိဋ္ဌော ကုသလာကုသလာနံ သာတိသယော ဝိသယာနုဘဝနာကာရောတိ အယမတ္ထော ရူဓာဝိပ္ပေတောတိ ဒဿေန္တော ဝတ္တုံ အဓိပ္ပါယေနာတိ အာဟ။ ဘူတာပဂတဘာဝါဘိဓာနာ မိပ္ပါယေနာတိ ကုသလာကုသလဿ အာကာနုပါယမာဟ။ ။အနု ၇၂-ဆ။

အနက်ကား။ ။သမ္ဘဝံ၊ ကုန်သော။ စိတ္တုပ္ပါဒါနံ၊ တို့၏။ သဝေဒယိတဘာဝတော၊ ခံစားခြင်းနှင့် တကွ ဖြစ်သည်၏ အဖြစ်ကြောင့်။ အာရမ္မဏာနုဘဝနေ၊ အာရုံအရသာကို ခံစားခြင်းသည်။ သတိပိ၊ ရှိသော်လည်း။ ပန၊ ထူးသည်ကို ဆိုအံ့။ သဝိပလ္လာသေ၊ ဝိပလ္လာသနှင့်တကွဖြစ်သော။ သန္တာနေ၊ ပုထုဇဉ်သေက္ခ သန္တာန်၌။ စိတ္တာဘိသင်္ခါရဝသေန၊ဖြင့်။ပဝတ္တိတော၊ ဖြစ်စေအပ်သော။ အဇ္ဈာကတေဟိ၊တို့မှ။ ဝိသိဋ္ဌော၊ သော။ ကုသလာကုသလာနံ၊တို့၏။ သာတိသယော၊ အလွန်အကဲနှင့်တကွဖြစ်သော။ဝိသယာနုဘဝနာကာရော၊ အာရုံ၏အရသာကို ခံစားသော အခြင်းအရာသည်။ အတ္ထိ၊ ၏။ ရူတိအယံအတ္ထော၊ ဤကုသိုလ်, အကုသိုလ်တို့၏ သာတိသယ ဖြစ်သော ဝိသယာနုဘဝနာကာရ ဖြစ်သော အနက်ကို။ ရူဓ၊ ဤပဋ္ဌမဝိကပ်၌။ အဓိပ္ပေတော၊ အဋ္ဌကထာဆရာလိုအပ်၏။ ရူတိရူမံအတ္ထံ၊ ကို။ ဒဿေန္တော၊ ပြတော်မူလိုသော ဋီကာဆရာသည်။ ဝတ္တုံ အဓိပ္ပါယေနာတိ၊ ဟူသောပုဒ်ကို။ အာဟ၊ ၏။ ကုသလာကုသလဿ၊ ကို။ အာကာနုပါယံ၊ငင်ခြင်း၏အကြောင်းဖြစ်သော။ ဘူတာပဂတဘာဝါဘိဓာနာ မိပ္ပါယေနာထိ၊ ဟူသော ပုဒ်ကို။ အာဟ၊ ၏။

ရှည်ရှည်လျားလျား အနုဋီကာလှမ်း၍ မှာသည်ကား ဋီကာအနက် ခက်သောကြောင့်တည်း။ ဘူတ္တာပဂတဟု အဋ္ဌကထာ, ဋီကာ, အနုအရှိများသည်ကား အမှားတည်း။ ဘူတာပဂတသာလိုသည်၊ အဘယ်ကိုကိုး၍ ဆိုသနည်းဟူမူ- အနုဘူတသဒ္ဒေါစ ကမ္မဝစနိစ္ဆာဘာဝတော အနုဘဝနကဝါစကောဒဋ္ဌဗ္ဗော။ ဋီကာ-၆၇-ဆ။

အနုဘူတသဒ္ဒေါ ဗဟုလံ ကမ္မတ္ထေဧဝ ဒိဿတီတိ တဿ ရူဓကတ္တုအတ္ထဝါစိတံ ဒဿေတုံ အနုဘူတသဒ္ဒေါစာတိ အာဒိမာဟ။ ။အနု-၇၂-ဆ။

ဤဋီကာ အနုစကားကို အားကိုး၍ ဆိုသတည်း။ အနုဘူတ္တာရှိက ကာံအနက် လျှင်းပါးဘွယ်မရှိ။

http://www.dhammadownload.com



အဿအနေနသတ္တေန၊ သည်။ ပုဗ္ဗေ၌။ ကတာနိ၊ ကုန်သော။ ယာနိတာနိ ကမ္မာနိ၊ အကြင်ကံတို့သည်။ သန္တိ၊ ကုန်၏။ ဝေမာဒိနာ၊ သော။ နယေန၊ ဖြင့်။ ဝုတ္တံ၊ သော။

**မှတ်ဖွယ်။** ။"ယာနိဿာတိ အဿ အနေန သတ္တေန ယာနိတာနိ ကမ္မာနိ"ဟု ယောဇနာ လာရကား ယာနိဿတာနိ ပါဌ်ဟောင်း၊ သ ကျ၍ ယာနိတာနိ သာ ရှိတတ်သည်။

ကမ္မဥ္စ၊ကံသည်လည်း။ အတီတံ၊အတိတ်သည်။ သမာနမ္ပိ၊ဖြစ်လျှင်းမူလည်း။ အညံ၊ မိမိဝိပါက်မှတပါးသော။ ဝိပါကံ၊ ကို။ ပဋိဗာဟိတွာ၊ တားမြစ်၍။ အတ္တနော၊ မိမိ၏။ ဝိပါကဿ၊ ဝိပါက်၏။ ဩကာသံ၊ အခွင့်ကို။ ကတွာ၊ ပြု၍။ ဌိတတ္တာ၊ တည်သည်၏ အဖြစ်ကြောင့်။ ဩကာသကတုပ္ပန္နံနာမ၊ မည်၏။ ဝါ၊ မိမိ၏ ဝိပါက်၏ကိုခွင့်ကို ပြုပြီးသော ဉပ္ပန္နမည်၏။

**မှတ်ဖွယ်။** ။ဩကာသော ကတော ဧတေနာတိ ဩကာသကတံပြုမှု ကတော ကာသ ဟူအပ်ချက် အဂျာဟိတောကဲ့သို့ ဩကာသကတဟူသည်။ ဥပ္ပန္နဥ္စတ္ထာ တိ ဥပ္ပန္နံ၊ ကမ္မံ။

တထာ ဧတေနကမ္မေန၊ ထိုမိမိ၏ ကံသည်။ (ကတဉ္စပ်)။ တထာတိဧတေန အာကာရေန ကတဣတိဝစနေကတ္တာ၊ ယောဇနာ။ (တနည်း) တထာဧတေန အာကာရေန၊ ထိုအညဝိပါကကို မြစ်သောအခြင်းအရာ အားဖြင့်။ ကတော ကာသံ၊ကံသည်ပြုအပ်သော အခွင့်ရှိသော။ ဝိပါကဥ္စ၊ သည်လည်း။ အနုပ္ပန္နံ၊ ဖြစ်ဆဲမဟုတ်သည်။ သမာနမ္ပိ၊ ဖြစ်မူလည်း။ ဧဝံ၊ ဤသို့ အညဝိပါကကို မြစ်သော အခြင်းအရာအားဖြင့်။ ကတောကာသေ၊ ကံသည် ပြုအပ်သော အခွင့်၌။ (တနည်း) ကတောကာသေ၊ကံသည် ပြုအပ်သော အခွင့်ရှိသော။ ဝိပါကေ၊ သည်။ သတိ၊ ရှိသော်။ ဧကန္တေန၊ ဖြင့်။ ဝိပါကဿ၊ ၏။ ဉပ္ပဇ္ဇနတော၊ဖြစ်ခြင်းကြောင့်။ ဩကာသကတုပ္ပန္နံနာမ၊မည်၏။ ဝါ၊ ကံသည်ပြုအပ် ပြီးသော အခွင့်ရှိသော ဉပ္ပန္နမည်၏။

**ဝေစနတ္ထ။** ။ဩကာသော ကတော ဧတဿာတိ ဩကာသကတံ၊ ဥပ္ပန္နဥ္စဿတီတိ ဥပ္ပန္နံ၊ ဝိပါက်ရဏ်၊ ကတောကာသဉ္စ တံ ဥပ္ပန္နဥ္စာတိ ဩကာသကတုပ္ပန္နံ။

တာသုတာသုဘူမိသု၊ ထိုထိုမနုဿ, ဒေဝစသည်တို့၏ အတ္တဘောဟု ဆိုအပ်သော ဥပါဒါနက္ခန္ဓာတို့၌။ အသမူဟတံ၊ ထိုထိုသန္တာန်၌ တဖန်မဖြစ်ခြင်း



56
A

http://www.dhammadownload.com



သို့ မရောက်စေအပ်သည်၏ အဖြစ်ကြောင့် မနုတ်မခွါ မပယ်အပ်သေးသော။ အကုသလံ၊ သည်။ ဘူမိလဒ္ဓုပ္ပန္နံနာမ၊ မည်၏။ ဝါ၊ ရအပ်သော ဖြစ်ရာဘုံရှိသော ဥပ္ပန္နမည်၏။ စ၊အထူး ကိုဆိုအံ့။ ဧတ္ထ၊ ဤဘူမိလဒ္ဓုပ္ပန္နဟူသောစကား၌။ ဘူမိယာ၊ဘူမိ၏ရင်း။ ဘူမိလဒ္ဓဿစ၊ ဘူမိလဒ္ဓ၏ရင်း။ နာနတ္တံ၊ ထူးသည်၏အဖြစ်ကို။ ဝေဒိတဗ္ဗံ၏။ တတ္ထ၊ထိုနှစ်ပါးတို့တွင်။ (ထည့်)။ ဝိပဿနာယ၊ ၏။ အာရမ္မဏဘူတာ၊ ကုန်သော။ တေဘူမကာ၊ ကုန်သော။ ပဉ္စက္ခန္ဓာ၊ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့သည်။ ဘူမိတိဘူမိနာမ၊ဘူမိမည်၏။ (ဣတိ ကာ‌း နာမဝါစက၊ အာရမ္မဏဝသေန ဘဝတိ ဧတ္ထကိလေသဇာတန္တိ ဘူမိ)။ တေသုခန္ဓေသု၊ ထိုငါးပါးသော ဥပါဒါနက္ခန္ဓာတို့၌။ ဥပ္ပတ္တိရဟံ၊ ဖြစ်ခြင်းငှာထိုက်သော။ ကိလေသဇာတံ၊ကိလေသာသည်။ (ဇာတသည် တဗ္ဗော)။ ကိလေသာ အပေါင်းသည်။ (ဇာတသည် သမူဟဟော)။ ဝါ၊ မိမိ၏ အကြောင်းအား လျော်စွာဖြစ်သော ကိလေသာသည်။ (ဇာတကိလေသံ ဆိုအပ်လျက် ကိလေသဇာတံ ဆိုသည်)။ ဘူမိလဒ္ဓံနာမ၊ မည်၏။ (အယံ နယော အညေသု ဤဒိသေသု ဌာနေသုပိ ဒဋ္ဌဗ္ဗော)။ ဟိ-သစ္စံ၊ ၏။ တေန ကိလေသဇာတေန၊သည်။သာဘူမိ၊သည်။လဒ္ဓါနာမ၊မည်သည်။ ဟောတိ၊ ၏။တသ္မာ၊ ကြောင့်။ တံကိလေသဇာတံ၊ကို။ (လိုက်)။ဘူမိလဒ္ဓန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ဝေံယထာဝုတ္တနယေန၊ ဤသို့ ဝတ္တမာနဘူတာပဂတောကာသ စသည်ဖြင့် ဆိုအပ်ပြီးသောနည်းဖြင့်။ စတူသု၊ ကုန်သော။ တေသုဥပ္ပန္နေသု၊ ထိုဥပ္ပန္နတို့တွင်။ ဣဓ၊ ဤဥပ္ပန္နံဟောတိ ဟူသောပုဒ်၌။ ဝတ္တမာနုပ္ပန္နံ၊ ကို။ အဓိပ္ပေတံ၊ လိုအပ်၏။

**အနုသန္ဓေ။** ။အဘိဓေယျတ္ထကို ပြပြီး၍ အဘိဓာနတ္ထကို ပြခြင်းငှာ"ထတြာယံ" စသည်ကို မိန့်သော်။

တတြာဝစနေ၊ ဥပ္ပန္နံဟူသော ထိုစကား၌။ အယံ၊ ဤဆိုလတံ့သော။ ဝစနတ္ထော၊ဆို။ ဝေဒိတဗ္ဗော၏။ ပုဗ္ဗန္တတော၊ ရှေ့ဖြစ်သော ကောဋ္ဌာသမှ။ ဝါ၊အတိတ်ဖြစ်သောတရားမှ။ (တနည်း)။ ပုဗ္ဗန္တတော၊ ရှေ့ဖြစ်သောတရား၏ ချုပ်ပျက်သော ဘင်္ဂက္ခဏမှ။ ဥဒ္ဓံ၊ အထက်၌။ ဥပ္ပါဒါဒိအဘိမုခံ၊ ဥပါဒ် စသည်သို့ ရှေး႐ှု။ ပန္နံ၊ ရောက်သည်တည်း။ ဣတိတသ္မာ၊ ကြောင့်။ ဥပ္ပန္နံ၊ မည်၏။ ပန၊ ဝစနတ္ထမှတပါး အတ္ထုဒ္ဓါရကိုဆိုအံ့။ သေသော ဥပ္ပန္နသဒ္ဒေါ၊

http://www.dhammadownload.com



သည်။ အတီတေ၊ အတိုက်၏ အနက်၌ရှင်း။ ပဋိလဒ္ဓေ၊ ရအပ်သောအနက်၌ ရှင်း။ သမုဋ္ဌိတေ၊ တက်သောအနက်၌ရှင်း။ အဝိက္ခမ္ဘိတေ၊ မခွါမဖျောက် အပ်သောအနက်၌ရှင်း။ အသမုစ္ဆိန္နေ၊ အကြွင်းမဲ့ မဖြတ်အပ်သော အနက်၌ ရှင်း။ ခဏတ္တယဂတေ၊ ခဏသုံးပါးအပေါင်း၌ရှင်း။ ဣတိ၊ သို့။ အနေကေသု၊ ကုန်သော။ အတ္ထေသု၊ တို့၌။ ဒိဿတိ ထင်၏။ ဟိ-သစ္စံ၊ ၏။ အယံဥပ္ပန္နသဒ္ဒေါ၊ သည်။ "တေနခေါ ပန။ ပ။ ဥပ္ပန္နော" တိဧတ္ထ၊ ဤပါဠိ၌။ အတီတေ၊ အတိတ် အနက်၌။ အာဂတော၊ လာ၏။ ဘိက္ခဝေ၊ တို့။ တေနခေါ ပနသမယေန၊ ၌။ ကကုသန္ဓော၊ ကကုသန်အမည်ရှိသော။ အရဟံ၊ လူ, နတ်တို့၏ ပူဇော်အထူး ကိုခံတော်မူ ထိုက်သော။ သမ္မာသမ္ဗုဒ္ဓေါ၊ မဘောက်မပြန် ကိုယ်တော်တိုင် ဥေယျတရားကို သိတော်မူပြီးသော။ ဘဂဝါ၊ သည်။ လောကေ၌။ ဥပ္ပန္နော၊ မူပြီ။ "အာယသ္မတော။ ပ။ ဟောတိ" တိဧတ္ထ၊ ၌။ ပဋိလဒ္ဓေ၊ ၌။ အာဂတော၊ ၏။ အာယသ္မတော၊ သက်တော်ရှည်သော။ အာနန္ဒဿ၊ အရှင်အာနန္ဒာအား။ ဝါ၊ သည်။ အတိရေကစီဝရံ၊ အဓိဋ္ဌာန် ဝိကပ္ပနာပြုသော သင်္ကန်းထက်လွန် သော သင်္ကန်းသည်။ ဥပ္ပန္နံ၊ ဖြစ်သည်။ ဝါ၊ ရအပ်သည်။ ဟောတိ၊ ၏။ "သေယျထာပိ။ ပ။ အန္တရဓာပေတိ" တိဧတ္ထ၊ ၌။ သမုဋ္ဌိတေ၊ ၌။ အာဂတော၊ ၏။ ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ဤသို့ဖြစ်ရာ၏ဟု ကြံအပ်သော ဥပမာ မည်သည်ကား။ (အပိနာမ ဘဝေယျဟု ပရိကပ္ပအနက်၌ သေယျထာပိ သဒ္ဒါဖြစ်သည်)။ မဟာမေဃံ မဟာမေဃော၊ သည်။ ဥပ္ပန္နံ ဥပ္ပန္နော၊ တက် သည်။ ဟောတိ၊ ၏။ စိရကာလံ၊ ရှည်မြင့်စွာကာလပတ်လုံး။ ဝဿိတုံ၊ ရွာခြင်း ငှာ။ (ထည့်)။ ဥပ္ပန္နံ၊ တက်သော။ တမေနံ မဟာမေဃံ၊ ကို။ မဟာဝါတော၊ သည်းစွာသောလေသည်။ အန္တရာယေဝ၊ အကြားကာလ၌သာလျှင်။ ဝိဓိဒ္ဒိ တွာ၊ ဖြစ်၍။ စိရကာလံ၊ လုံး။ ဝဿိတုံ၊ ရွာခြင်းငှာ။ အဒတွာ၊ မပေးမူ၍။ အန္တရဓာပေတိ၊ ကွယ်ပျောက်စေ၏။ (ဤသို့ပါဌ်သေသနှင့် ယောဇနာမှ သိသာသည်)။ "ဥပ္ပန္နံ။ ပ။ အန္တရဓာပေတိ" တွေ၊ ၌။ အဝိက္ခမ္ဘိတေ၊ ၌။ အာဂတော၊ လာ၏။ ဥပ္ပန္နံ၊ ဖြစ်သော။ (သဒ္ဒတ္ထ)။ ဝါ၊ ဂမိယစိတ်၏ဆန့်ကျင် ဘက်ဖြစ်သော ကမ္မဋ္ဌာန်းကို ဆင်ခြင်ခြင်းဖြင့် မခွါအပ်သော။ (အဓိပ္ပါ ယတ္ထ)။ ဂမိယစိတ္တံ၊ သည်။ (သဗ္ဗဒါ အဝတ္တမာနမ္ပိ ဂမိယစိတ္တံ ပဋိပက္ခပစ္စ ဝေက္ခနာယ အဝိက္ခမ္ဘိတတ္တာ ဥပ္ပန္နန္တိ ဝုတ္တံ ဋီကာ)။ ဒုပ္ပဋိဝိနောဒနီယံ၊

http://www.dhammadownload.com



ပျောက်နိုင်ခဲ၏။ ဥပ္ပန္နုပ္ပန္နေစ၊ ဖြစ်တိုင်းဖြစ်တိုင်းလည်း ဖြစ်ကုန်သော။ ဝါ၊ မခွါအပ် မခွါအပ်ကုန်သေးသော။ တေအကုသလေဓမ္မေ၊တို့ကို။ ဝိက္ခမ္ဘိကာ ခွါတတ်သော။အာနာပါနဿတိ၊အာနာပါနလျှင် အာရုံရှိသောသတိသည်။ (ထည့်)။ ဌာနသော၊ ခဏချင်းအားဖြင့်။ အန္တရဓာပေတိ၊ကွယ်ပျောက်စေ၏။ "အရိယံ။ပ။ အန္တရဓာပေတီ" တိဧတ္ထ၌။ အသမုစ္ဆိန္နေ၌။ အာဂတော၊ ၏။ အရိယံ၊ မြတ်သော။ အင်္ဂုဂိကံ၊သော။ မဂ္ဂံ၊ ကို။ ဘာဝေန္တော၊ ပွားစေသော။ဗဟုလီကရောန္တော၊အကြိမ်များစွာပြုသော ယောဂီသည်။ဥပ္ပန္နုပ္ပန္နေ၊ ဖြစ်တိုင်းဖြစ်တိုင်းကုန်သော။ ဝါ၊မဖြတ်အပ်ကုန်သေးသော။ ပါပကေ၊ ကုန်သော။အကုသလေဓမ္မေ၊တို့ကို။ဌာနသော၊ခဏချင်းအားဖြင့်၊ အန္တရာယေဝ၊ အကြားကာလ၌ သာလျှင်။ သဘူမိယံ၊ ဥပါဒါနက္ခန္ဓာဟူသော မိမိဘုံ၌။ အပ္ပဟာတ္တိနေ၊ မပြတ်မစဲကုန်သေးသော။ ဘူမိလဒ္ဓေ၊ ဥပါဒါနက္ခန္ဓာဟူသော ဖြစ်ရာဘုံကိုရကုန်သော။ ဝါ၊ရအပ်သောဖြစ်ရာဘုံရှိကုန်သော။ အကုသလေ၊ တို့ကို။ ဝိက္ခမ္ဘိတွာ၊ ၍။ ပုန၊တဖန်။ဥပ္ပတ္တိတုံ၊ဖြစ်ခြင်းငှာ။အဒတွာ၊မပေးမူ၍။ အန္တရဓာပေတိ၊ ၏။

မှတ်ဖွယ်။ ။အန္တရာယေဝါတိ ဘူမိလဒ္ဓေ သဘူမိယံ အပ္ပဟာတ္တိနေ ဝိက္ခမ္ဘိတွာ တိ အတ္ထော၊ ဒီကာ၊ ဝိက္ခမ္ဘိတွာတိ ပုန ဥပ္ပတ္တိတုံ အဒတွာ၊ အနုကို ရှုရ၍ နောမတိ ယောဇနာသည်။
ဝိက္ခမ္ဘိတွာတိ ဧတေန အန္တရာယေဝါ ဝိက္ခမ္ဘနေန နိပါတေတိ ဒဿေတိ၊ တေန ဝေမဇ္ဈဝိဝရာဒိအတ္ထံ နိဝတ္တေတိ၊ ။မ ရ ၁၃၉-သု။
ကိံ ရောဂါဒိအန္တရာယ ဇနကေ အကုသလေ ဓမ္မေ အန္တရဓာပေတီတိ အတ္ထော သဝေယျာတိ ဝါ ကိံ အန္တရသဒ္ဒေ ဝေမဇ္ဈ ဝိဝရစိတ္တာဒိ အတ္ထော သဝေယျာတိ ဝါ စိန္တာယ အန္တရသဒ္ဒေါ ဝိက္ခမ္ဘနေ နိပါတော ယသဒ္ဒေါ စ ထွာပစ္စ ယဿ ကာရိယဘူတောတိ ဒဿေန္တေန ဝိက္ခမ္ဘိတွာတိ အတ္ထောတိ ဝုတ္တံ ။ရုဏ္ဍ ဋီ ဗီပနီ။ ဤဋီကာနှစ်စောင်အလိုအန္တရာယေဝ၊ ဖြတ်၍သာလျှင်။ အန္တရဓာပေတိ ဟု ယောဇနာသို၏၊ ပညာရှိတို့ ယုတ္တိကို ဆင်ခြင်၍ ညက်ဝင်ရာ မှတ်ကုန်ရာ၏။ ဓဝတ်နောင်မယုတ်၊ နိပါတ်နောင် ထွာပစ္စည်း သက်သည်ကား ရှား၏။

"ဥပ္ပဇ္ဇမာနံ ဥပ္ပန္နန္တိ၊ အာမန္တာတိ" ဧတ္ထ၌။ ခဏတ္တယဂတော၌။ အာဂတော၊ ၏။ဥပ္ပဇ္ဇမာနံ၊ ဥပါဒ်ဆဲ ဖြစ်သော စိတ်သည်။ ဝါ၊ ဥပ္ပဇ္ဇမာနဖြစ်သော စိတ်သည်။ဥပ္ပန္နံ၊ဥပ္ပန္နမည်၏လော။ဣတိပုစ္ဆာယံ၊သည်။ သတိ၊ဖြင့်။ အာမန္တာ၊ ဥပ္ပဇ္ဇမာနဖြစ်သော တရားသည် ဥပ္ပန္နမည်၏။

http://www.dhammadownload.com



**ဋီကာအဓိပ္ပါယ်။** ။ဥပ္ပန္နသဒ္ဒါသည် ဥပ္ပန္နမာနံ ဟူသောထန္တိဋ္ဌာန်ပုဒ်နှင့်တူသော အနက်ရှိသည်၏ အဖြစ်ကြောင့် ပစ္စုပ္ပန်ကာလဝါစက ဖြစ်သည့် [illegible] အသယ်ကြောင့် "ဥပ္ပဇ္ဇမာနံ ဥပ္ပန္နန္တိ အာမန္တာ၊တီတွေ ခဏတ္တယဂတေ" ဟူ၍ ဆိုအပ်သနည်း ဟူသော စောဒနာကို နှလုံးမူ၍ "အနာဂတံ အနာဂတဥ္စ ခဏတ္တယေကဒေသဂတဥ္စ ဥပ္ပဇ္ဇမာနံ ခဏတ္တယဂတန္တိ ဝုတ္တံ။ ဋီကာ၊ မုချမဟုတ် ကောဒေသူပစာ ဟူလို။ ဥပ္ပန္နာဓမ္မာ၊ ပစ္စုပ္ပန္နာဓမ္မာ ဤဥဒါဟရုဏ်သည်ကား ဤအရာ၌ မုချဖြစ်သင့်သည်ဟူသော အနက်ကို ဋီကာဆရာ အရိပ်ပြသတည်း။

သမ္ဘာယံ သောအယံ-ဥပ္ပန္နသဒ္ဒေါ၊ကို။ ဣဓာပိ၊ဤစိတ္တံ ဥပ္ပန္နံ ဟောတိဟူသော ပုဒ်၌လည်း။ ခဏတ္တယဂတော၀၊ ၌သာလျှင်။ ဒဋ္ဌဗ္ဗော၊ ၏။ တသ္မာ၊ထိုသို့ ဥပ္ပန္နသဒ္ဒါ၏ ဤ၌ ခဏတ္တယအနက်၌သာလျှင် မှတ်အပ်သည်၏ အဖြစ်ကြောင့်။ ဥပ္ပန္နံဟောတီတိ တွော၊၌။ ခဏတ္တယဂတံ၊ ဥပါဒ်စသော ခဏသုံးပါးအပေါင်း သို့ရောက်သည်။ ဟောတိ၊၏။ဝတ္တမာနံ၊ဖြစ်ဆဲသည်။ ဟောတိ၊ ၏။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်သည်။ ဟောတိ၊ ၏။ ဣတိအယံအတ္ထော၊ ဤအနက်သည်။ တွေ၊ ဤအဋ္ဌကထာ၌။ သခေ်ပတ္တော၊ အကျဉ်းဖြစ်သော အနက်တည်း။

စ၊ဆက်။ "စိတ္တံဥပ္ပန္နံ"န္တိ တော်ဝစနံ၊ စိတ္တံ ဥပ္ပန္နံဟူသော ဤစကားသည်။ ဒေသနာသီသမေဝ၊ ဒေသနာ၌ ပဓာနစကားသည်လျှင်။ ဟောတိ၊ ၏။

**မှတ်ဖွယ်။** ။အနက်သာ သီသဖြစ်လျက် သဒ္ဒါကို သီသဆိုသည့်ကား "သတ္တိ မုချေန ကာရကံ၊ ဒဗ္ဗံ ဥာနူပစာရေန၊ သဒ္ဒေါ ဝိ အတ္ထဒ္ဒါရေန"ဟူ၏ထို့ အတ္ထ ဒွါရအားဖြင့် သီသဆိုသတည်း။

(တနည်း·)စိတ္တံ ဥပ္ပန္နန္တိတွော၊ ဤပါဠိ၌။ တော်စိတ္တံ၊ ဤစိတ်သည်။ ဒေသနာ သီသမေဝ၊ ဒေသနာ၏ ပဓာနဖြစ်သော တရားသည်သာလျှင်။ ဟောတိ၊၏။ ပန၊ဗျတိရိက်ကိုဆိုအံ့။ စိတ္တံ၊သည်။ကေမေဝ၊ တခုတည်းသာလျှင်။ နဥပ္ပဇ္ဇတိ၊ ဖြစ်သည်မဟုတ်။ တသ္မာ၊ ထိုသို့ တခုတည်းသာ ဖြစ်သည် မဟုတ်သည်၏ အဖြစ်ကြောင့်။ "ရာဇာ အာဂတော"တိ၊ ဟူ၍။ ဝုတ္တေ၊ သော်။ ပရိသံ၊ ကို။ ပဟာယ၊ စွန့်၍။ ရာဇာ၊ သည်။ ကေကော၀၊ အဖော်မပါ ကိုယ်တော်တပါး တည်းသာလျှင်။ နအာဂတော၊ လာသည်မဟုတ်။ ပန၊ အလျော်ကိုဆိုအံ့။ ရာဇပရိသာယ၊ မင်းပရိသတ်နှင့်။ သဒ္ဓိံ ယေဝ၊ သာလျှင်။ အာဂတော၊ ၏။ ဣတိ၊သို့။ ပညာယတိယထာ၊သိအပ်၏သို့။ ဧဝံတထာ၊တူ။ ဣဒမ္ပိစိတ္တံ၊ သည်

http://www.dhammadownload.com



လည်း။ပရောပဏ္ဏာသ ကုသလ ဓမ္မေဟိ၊ ငါးဆယ်ကျော်သော ကုသိုလ်တရားတို့နှင့်။ သဒ္ဓိံ ယေဝ၊ သာလျှင်။ ဥပ္ပန္နံ၊၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊၏။

**အနုသန္ဓေ။** ။ဧငံ စိတ္တေ ပရောပဏ္ဏာသကုသလဓမ္မေဟိသဒ္ဓိံ ယေဝဥပ္ပန္နေကာသ္မာ စိတ္တံ ဥပ္ပန္နန္တိ ဝုတ္တန္တိ စောဒနံ မနသိ နိဓာယ "ပုဗ္ဗင်္ဂမ ဋ္ဌေနာ"တိ အာဒိမာဟ။

ပန၊ထိုငါးဆယ်ကျော်သော ကုသိုလ်တရားတို့နှင့် တကွဖြစ်သော်လည်း။ ပုဗ္ဗင်္ဂမဋ္ဌေန၊ ပြဋ္ဌာန်းသည်၏ အဖြစ်ဖြင့်။ "ဝိဘုံ ဥပ္ပန္နံ ဟောတိ"စ္စေဝ၊ ဟောတိ၊ ဟူ၍သာလျှင်။ ဝုတ္တံ၊၏။

**အနုသန္ဓေ။** ။စိတ္တဿ ပဓာနဘာဝံ သာဓေန္တော အာဟ "လောကိယဓမ္မေ"တိ အာဒိ။

ဟိ-သစ္စံ၊မှန်၏။လောကိယဓမ္မံ၊ဒေသေတဗ္ဗဖြစ်သော လောကီတရားသို့။ ပတွာ၊၍။ ဒေသနာယ၊၌။ (ထည့်)။ စိတ္တံ၊ သည်။ ဇေဋ္ဌကံ၊ အကြီးသည်။ စိတ္တံ၊ သည်။ ဓုရံ၊ အဦးသည်။ စိတ္တံ၊ သည်။ ပုဗ္ဗင်္ဂမံ၊ ရှေ့သွားသည်။ ဝါ၊ ပြဋ္ဌာန်းသည်။ ဟောတိ၊ ၏။ လောကုတ္တရဓမ္မံ၊ ဒေသေတဗ္ဗ ဖြစ်သော လောကုတ္တရာတရားသို့။ ပတွာ၊ ၍။ ဒေသနာယံ၊ ၌။ (ထည့်)။ ပညာ၊ သည်။ ဇေဋ္ဌကာ၊သည်။ ဟောတိ၊ ၏။ ပညာ၊ သည်။ ဓုရာ၊ သည်။ ပညာ၊ သည်။ ပုဗ္ဗင်္ဂမာ၊ သည်။ ဟောတိ၊ ၏။ တေနေဝ၊ ထိုသို့ လောကီတရားသို့ ရောက်၍ ဒေသနာ၌ စိတ်အမှူးအကြီး၏အဖြစ် လောကုတ္တရာ တရားသို့ ရောက်၍ ပညာအကြီးအမှူး၏ အဖြစ်ကြောင့် သာလျှင်။ ဘဂဝါ၊ သည်။ ဝိနယပရိယာယံ၊ ဝိနည်းဒေသနာကို။ ပတွာ၊ ၍။ ပဉ္စံ၊ ကို။ ပုစ္ဆန္တော၊ မေးတော်မူသည်ရှိသော်။ "တွံ၊ သည်။ (ထည့်)။ ကိံ ဖဿော၊ အဘယ်ဖဿ ရှိသည်။ အသိ၊ ဖြစ်သနည်း။ ကိံ ဝေဒနော၊ အဘယ်ဝေဒနာ ရှိသည်။ ကိံ သညော၊ အဘယ်သညာရှိသည်။ ကိံ စေတနော၊ အဘယ်စေတနာ ရှိသည်။ အသိ၊ နည်း။ ဣတိ၊ သို့။ အပုစ္ဆိတွာ၊ မေးတော်မမူမူ၍။ "ဘိက္ခု၊ ရဟန်း။ တွံ၊သည်။ ကိံ စိတ္တော၊ အဘယ်စိတ်ရှိသည်။ အသိ၊နည်း။" ဣတိ၊ သို့။ စိတ္တမေဝ၊ စိတ်ကိုသာလျှင်။ ဓုရံ၊ အကြီးအမှူးကို။ ကတွာ၊၍။ ပုစ္ဆတိ၊ ၏။ "အထေယျ စိတ္တော အဟံ ဘဂဝါ' 'တိစ၊ ဟူ၍လည်း။ ဝုတ္တေ၊ ဖြေနားတော်လျှောက်သည်ရှိသော်။ "နာပတ္တိ အထေယျစိတ္တဿာ"တိ အာဒိနံ၊

http://www.dhammadownload.com



တို့ကို။ အဝတွာ၊ ဟောတော်မမူမူ၍။ "အနာပတ္တိ ဘိက္ခု အထေယျ ္တစိတ္တဿာ"တိ၊ ဟူ၍။ ဝဒတိ၊ဟောတော်မူ၏။

ကေဝလဉ္စ၊ သက်သက်ကား။ ဝိနယပရိယာယံ၊ကို။ ဒေသေန္တော၊ ဟောတော်မူသော်သာလျှင်။ စိတ္တမေဝ၊ကိုသာလျှင်။ ဓုရံ၊ ကို။ ကတွာ၊၍။ နဒေသေတိ၊ ဟောတော်မူသည်မဟုတ်။ အညမ္ပိ၊ ဝိနည်းဒေသနာမှ တပါးလည်းဖြစ်သော။ လောကိယဒေသနံ၊ ကို။ ဒေသေန္တော၊ ဟောတော်မူသည်ရှိသော်။ စိတ္တမေဝ၊ ကိုသာလျှင်။ ဓုရံ၊ ကို။ ကတွာ၊ ၍။ ဒေသေတိ၊ ၏။ မယာ၊ သည်။ ဝုတ္တဿ၊ ဆိုအပ်သောစကားကို။ သာဓကံ၊ ပြီးစေတတ်သော။ ယထာကိံ ဝစနံ၊ အဘယ်စကားကို။ အာဟ၊ ဟောတော်မူသနည်း။ "ယေကေစိ ဘိက္ခဝေ။ပ။ အနဝဇ္ဇုတံ ဟောတီ"တိ၊ ဟောတိဟူသော စကားကို။ အာဟ၊ ၏။ ဘိက္ခဝေ၊တို့။ ယေကေစိ၊ ကုန်သော။အကုသလာ၊ ကုန်သော။ ဓမ္မာ၊ စိတ်သည်ကြဉ်အပ်သော တရားတို့သည်ရှင်း။ အကုသလဘာဂိယာ၊ အကုသိုလ်၏အဖို့၌ တည်ကုန်သော။ ဝါ၊ ကေန္တအကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာ၊ ရာဂစသော တရားစုတို့သည်ရှင်း။ အကုသလပက္ခိကာ၊အကုသိုလ်၏ အပင်းအသင်း ဖြစ်ကုန်သော။ ဓမ္မာ၊ ဖဿစသော တရားအပေါင်းတို့သည်ရှင်း။ သန္တိ၊ ကုန်၏။ သဗ္ဗေ၊ ကုန်သော။ တေဓမ္မာ၊ တို့သည်။ မနောပုဗ္ဗင်္ဂမာ၊ ဝိညာဏက္ခန္ဓာသာလျှင် ပြဋ္ဌာန်းသောတရားရှိကုန်၏။ မနော၊ ဝိညာဏက္ခန္ဓာသည်။ တေသံဓမ္မာနံ၊ တို့၏။ ပဌမံ၊ ရှေးဦးစွာ။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

**ဋီကာအဖွင့်ယ်။** ။"မနော တေသံ ဓမ္မာနံ ပဌမံ ဥပ္ပဇ္ဇတိ"ဟု အသယ့်ကြောင့် ဆိုအပ်သနည်း၊ ဝိညာဏက္ခန္ဓာသည် မိမိနှင့် သမ္ပယုတ်ဖြစ်သောတရားတို့နှင့် တကွသာလျှင် ဖြစ်သည်မဟုတ်လောဟု စောဒနာမူ-

မနော တေသံ ဓမ္မာနံ ပဌမံ ဥပ္ပဇ္ဇတီတိ သဟဇာတောပိ မနော သမ္ပယုတ္တေ သင်္ဂဏှိတွာ အဓိပတိဘာဝေန ပဝတ္တမာနော ပဌမံ ဥပ္ပန္နော ဝိယ ဟောတီတိ ဧဝံ ဝုတ္တော-ဤဋီကာ(၆၇-ဆ)ဖြင့်ချေ။

**အနုဋီကာ။** ။မနော တေသံ ဓမ္မာနံ ပဌမံ ဥပ္ပဇ္ဇတီတိ ဌွော၍။ သဟဇာတောပိ၊ သမ္ပယုတ်တရားတို့နှင့် တကွဖြစ်မူလည်း။ မနော၊ ဝိညာဏက္ခန္ဓာသည်။ သမ္ပယုတ္တေ၊ တို့ကို။ သင်္ဂဏှိတွာ၊ သိမ်းယူ၍။ အဓိပတိဘာဝေန၊ အကြီးအမှူး၏ အဖြစ်ဖြင့် ဇေဋ္ဌိယပစ္စည်း၏အဖြစ်ဖြင့်။ ပဝတ္တမာနော ပဝတ္တမာနတ္တာ၊ ကြောင့်၊

http://www.dhammadownload.com



ပဌမံ၊ ရှေးဦးစွာ။ ဥပ္ပန္နော ဝိယ၊ ဖြစ်သကဲ့သို့။ ဟောတိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ ဇဝံ၊ ဤသို့ မနောပုဗ္ဗင်္ဂမာ ဓမ္မာ မနောသေဋ္ဌာ၊ ပဌမံ ဥပ္ပဇ္ဇတိ ဟူ၍။ ဝုတ္တော၊ ၏။

ဂါထာနက်။ ။ဓမ္မာ၊ နာမက္ခန္ဓာတရား သုံးပါးတို့သည်။ မနောပုဗ္ဗင်္ဂမာ၊ ဝိညာဏက္ခန္ဓာလျှင် ရှေ့သွားရှိကုန်၏။ ဝါ၊ ဝိညာဏက္ခန္ဓာလျှင် ပြဓာန်းသောတရားရှိကုန်၏။ မနောသေဋ္ဌာ၊ ဝိညာဏက္ခန္ဓာလျှင်အကြီးအမြတ်ရှိကုန်၏။ မနောမယာ၊ ဝိညာဏက္ခန္ဓာဖြင့် ပြီးကုန်၏။ ပဒုဋ္ဌေန၊ အာဂန္တုက ဖြစ်သော အဘိဇ္ဈာ,ဒေါမနဿ အစရှိသောအညစ်အကြေးတို့သည် ဖျက်ဆီးအပ်သော။ မနသာ၊ စိတ်ဖြင့်။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသော။ ဝစီဒုစ္စရိတံ၊ ကို။ ဘာသတိ ဝါ၊ အကယ်၍ဆိုမူလည်းဆိုအံ့။ တိဝိဓံ၊ သော။ ကာယဒုစ္စရိတံ၊ ကို။ ကရောတိ ဝါ၊ အကယ်၍ ပြုမူလည်းပြုအံ့။ တိဝိဓံ၊ သော။ မနောဒုစ္စရိတံ၊ ကို။ ပူရေတိ ဝါ၊ အကယ်၍ ပြည့်စေမူလည်းပြည့်စေအံ့။ (ဝါသဒ္ဒါဖြင့် မနောဒုစ္စရိတကိုသိမ်းသည်)။ တတော၊ ထိုသုံးပါးသောဒုစရိုက်ကြောင့်။ နံ ပုဂ္ဂလံ၊ ထိုဒုစရိုက်နှင့်ပြည့်စုံသောပုဂ္ဂိုလ်သို့။ ဒုက္ခံ၊ အပါယ်၌ရင်း, လူဘုံ၌ရင်းဖြစ်သော ကာယိက, စေတသိက ဝိပါကဒုက္ခသည်။ အန္ဝေတိ၊ အစဉ်လိုက်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ဝဟတော၊ လှည်းဦးကို ရွက်ဆောင်သော နွားဗိုဒ်၏။ ပဒံ၊ ခြေသို့။ စက္ကံ၊ လှည်းဘီးစက်သည်။ အန္ဝေတိဣဝ၊ အစဉ်လိုက်၏သို့တည်း။

မှတ်ဖွယ်။ ။ကထံ ပနေတေဟိ သဒ္ဓိံ ကောဝတ္တုံ ဥပ္ပဇ္ဇမာနော မနော ပုဗ္ဗင်္ဂမော နာမ ဟောတီတိ? ဥပ္ပါဒပစ္စယဋ္ဌေန။ ယထာ ဟိ ဗဟူသု ဧကတော ဂါမဃာတာဒီနိ ကမ္မာနိ ကရောန္တေသု "ကော ဧတေသံ ပုဗ္ဗင်္ဂမော"တိ ဝုတ္တေ ယော နေသံ ပစ္စယော ဟောတိ၊ ယံ နိဿာယ တေ တံ ကမ္မံ ကရောန္တိ၊ သော ဒတ္တော ဝါ မိတ္တော ဝါ ဧတေသံ ပုဗ္ဗင်္ဂမောတိ ဝုစ္စတိ၊ ဧဝံ သမ္ပဒမိဒံ ဝေဒိတဗ္ဗံ။ ဣတိ ဥပ္ပါဒပစ္စယဋ္ဌေန မနော ပုဗ္ဗင်္ဂမော။ န ဟိ တေ မနေ အနုပ္ပဇ္ဇန္တေ ဥပ္ပဇ္ဇိတုံ သက္ကောန္တိ၊ မနော ပန ဧကစ္စေသု စေတသိကေသု အနုပ္ပဇ္ဇန္တေသုပိ ဥပ္ပဇ္ဇတိယေဝ။ အဓိပတိဝသေန ပန မနော သေဋ္ဌော ဧတေသန္တိ မနောသေဋ္ဌာ၊ ယထာ ဟိ စောရာဒီနံ စောရဇေဋ္ဌကာဒယော အဓိပတိနော သေဋ္ဌာ၊ တထာ တေသမ္ပိ မနော အဓိပတိ မနော၀ သေဋ္ဌော၊ ယထာ ပန ဒါရုအာဒီဟိ နိပ္ဖန္နာနိ တာနိ တာနိ ဘဏ္ဍာနိ ဒါရုမယာဒီနိ နာမ ဟောန္တိ၊ တထာ တေပိ မနတော နိပ္ဖန္နတ္တာ မနောမယာ နာမ၊ (ဒုတိယဂါထာယပိ အယံနယော နေတဗ္ဗော)။ ဓမ္မပဒ အဋ္ဌကထာ-၁၅-ဆ-ဝ။

http://www.dhammadownload.com



ဂါထာနက်။ ။ဓမ္မာ၊ တို့သည်။ မနောပုဗ္ဗင်္ဂမာ၊ ကုန်၏။ မနောသေဋ္ဌာ၊ ကုန်၏။ မနောမယာ၊ ကုန်၏။ ပသန္နေန၊ အနဘိဇ္ဈာ, အဗျာပါဒအစရှိသော ကျေးဇူးတရားတို့ဖြင့် ကြည်လင်စွာသော၊ မနသာ၊ စိတ်ဖြင့်။ စတုဗ္ဗိဓံ၊ သော။ ဝစီသုစရိတံ၊ကို။ ဘာသတိဝါ၊ အံ့။ တိဝိဓံ၊ သော။ ကာယသုစရိတံ၊ကို။ ကရောတိဝါ၊ အံ့။ တိဝိဓံ၊ သော။ မနောသုစရိတံ၊ ကို။ ပူရေတိဝါ၊ အကယ်၍ ပြည့်စေမှုလည်းပြည့်စေအံ့။ တတော တိဝိဓသုစရိတတော၊ ထိုသုံးပါး အပြားရှိသော သုစရိုက်ကြောင့်။ နံ ပုဂ္ဂလံ၊ ထိုသုစရိုက်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သို့။ သုခံ၊ ကာယိက,စေတသိက ဝိပါကသုခသည်။ အန္ဝေတိ၊ ၏။ ကိမိဝ၊ ကား။ ဆာယာ၊ အရိပ်သည်။ ယာယန္တံ၊ သွားသောသူသို့။ အနုပါယိနီဣဝ၊ အစဉ်လိုက်၏ သို့တည်း။

ဂါထာနက်။ ။စိတ္တေန၊ အဘိသင်္ခါရဝိညာဉ်သည်။ ဝါ၊ တဏှာသမ္ပယုတ်စိတ်သည်။ လောကော၊ လူအပေါင်းကို။ နီယတိ၊ ဆောင်အပ်၏။ (တိကား ဆန်းဒီဃ)။ စိတ္တေန၊ သည်။ ပရိကဿတိ၊ ဆွဲငင်အပ်၏။ စိတ္တဿ၊ စိတ်ဟုဆိုအပ်သော။ ဧကဓမ္မဿ၊ တခုသောတရား၏။ ဝသံ၊ အလိုနိုင်ငံသို့။ သဗ္ဗေဝ၊ ကုန်အောင်စုံသောသူတို့သည်သာလျှင်။ အန္ဝဂူ၊ အစဉ်လိုက်ရ၏။

ဘိက္ခဝေ၊ တို့။ စိတ္တသံကိလေသာ၊ စိတ်၏ညစ်ညူးခြင်းကြောင့်။ သတ္တာ၊ တို့သည်။ သံကိလိဿန္တိ၊ ညစ်ညူးကုန်၏။ စိတ္တဝေါဒါနာ၊ စိတ်၏ ဖြူစင်ခြင်းကြောင့်။ ဝိသုဇ္ဈန္တိ၊ စင်ကြယ်ကုန်၏။ (ဝိ အဝ ပုဗ္ဗ ဒါ-သုဒ္ဓိမှ)။

ဘိက္ခဝေ၊ တို့။ ဣဒံစိတ္တံ၊ သည်။ ပဘဿရံ၊ ပြိုးပြိုးပြက် ဖြူစင်၏။ ခေါ၊ စင်စစ်။ တဉ္စ၊ ထိုသဘောအားဖြင့် ဖြူစင်သောစိတ်သည်လည်း။ အာဂန္တုကေဟိ၊ အာဂန္တုကဖြစ်ကုန်သော။ ဥပက္ကိလေသေဟိ၊ ညစ်ညူးကြောင်းဖြစ်သော ရာဂ, ဒေါသစသောအညစ် အပြစ်ဒေါသတို့ကြောင့်။ ဥပက္ကိလိဋ္ဌံ၊ ညစ်နွမ်း၏။

ဂဟပတိ၊ သူကြွယ်။ စိတ္တေ၊ စိတ်ကို။ အရက္ခိတေ၊ သတိတရားဖြင့် အနုနယ, ပဋိဃ စသည်တို့မှ မစောင့်ရှောက် အပ်သည်ရှိသော်။ ဝါ၊ တဏှာ,

http://www.dhammadownload.com



ဒေါသ စသည်တို့မှ စောင့်ရှောက်အပ်သည် ရှိသော်။ ကာယကမ္မမ္ပိ၊ သည်လည်း။ အရက္ခိတံ၊မစောင့်ရှောက်အပ်သည်။ ဟောတိ၊ ၏။ဝစီကမ္မမ္ပိ၊ သည်လည်း။ အရက္ခိတံ၊ သည်။ ဟောတိ၊ ၏။ မနောကမ္မမ္ပိ၊ သည်လည်း။အရက္ခိတံ၊သည်။ဟောတိ၊၏။ ဂဟပတိ၊သူကြွယ်။ စိတ္တေ၊ကို။ ရက္ခိတေ၊သတိတရားဖြင့် အနုနယ,ပဋိဃစသည်တို့မှ စောင့်ရှောက်အပ်သည်ရှိသော်။ ဝါ၊ တဏှာ, ဒေါသ စသည်တို့မှ စောင့်ရှောက်အပ်သည်ရှိသော်။ပ။ဂဟပတိ၊ သူကြွယ်။ ဂိတ္တေ၊ သည်။ ဗျာပန္နေ၊ ရာဂစသည်တို့ဖြင့် နှောင့်ယှက်သည်ရှိသော်။ ပ။ ဂဟပတိ၊ သူကြွယ်။ စိတ္တေ၊ သည်။ အဗျာပန္နေ၊ ရာဂစသည်တို့ဖြင့် မနှောင့်ယှက်သည်ရှိသော်။ ပ။ဂဟပတိ၊ သူကြွယ်။ စိတ္တေ၊ သည်။ အဝဿုတေ၊ ရာဂစသော ကိလေသာတို့ဖြင့် စွတ်စိုသည်ရှိသော်။ပ။ ဂဟပတိ၊ သူကြွယ်။ စိတ္တေ၊သည်။ အနဝဿုတေ၊ ရာဂစသော ကိလေသာတို့ဖြင့် မစွတ်စိုသည်ရှိသော်။ ကာယကမ္မမ္ပိ၊ သည်လည်း။ အနဝဿုတံ၊သည်။ ဟောတိ၊၏။ ဝစီကမ္မမ္ပိ၊ သည်လည်း။ အနဝဿုတံ၊ သည်။ ဟောတိ၊ ၏။ မနောကမ္မမ္ပိ၊ သည်လည်း။ အနဝဿုတံ၊ သည်။ဟောတိ၊၏ ။

ဝေဝုတ္တနယေန၊ဖြင့်။လောကိယမ္ပိ၊သို့။ပတွာ၊၍။ စိတ္တံ၊သည်။ ဇေဋ္ဌကံ၊ သည်။ ဟောတိ၊၏။စိတ္တံ၊သည်။ဓုရံ၊သည်။ ဟောတိ၊၏။ စိတ္တံ၊သည်။ပုဗ္ဗင်္ဂမံ၊ သည်။ ဟောတိ၊၏။ ဣတိ၊သို့။ ဝေဒိတဗ္ဗံ၊၏။

ဘ. ၃ သစ္စေ။ ။ကော်ဝါ ဓွေဝါ သုတ္တာနိ အနာဟရိတွာ ကိမတ္ထံ ဗဟူနိ သုတ္တာနိ အာဟရိတဗ္ဗာနီတိ အာဟ "ဋ္ဌမေဿ စနာ" တိ အာဒိ။

ပန၊ ဆက်။ဣမေသုသုတ္တေသု၊တို့တွင်။ ကော်ဝါသုတ္တံ၊ တခုသောသုတ်ကိုရင်း။ ဒွေဝါသုတ္တာနိ၊ တို့ကိုရင်း။ အာဂဟေတွာ၊ မယူမူ၍။ သုတ္တာနုရက္ခနတ္ထာယ၊ စိတ်၏ ပုဗ္ဗင်္ဂမ အဖြစ်ကို ပြီးစေခြင်းငှါ အချင်းချင်း အားပေးသည်၏ အစွမ်းဖြင့် သုတ်ကို စောင့်ရှောက်ခြင်းအကျိုးငှာ။သဗ္ဗာနိပိသုတ္တာနိ၊ တို့ကိုလည်း။ ဂဟိတာနိ၊ကုန်၏။ ဣတိ၊သို့။ ဝေဒိတဗ္ဗာနိ၊ ကုန်၏။

ပန၊ အဖ္ဖိတပါးကို ဆိုအံ့။ လောကုတ္တရမ္ပိ၊ ကို။ ပုစ္ဆန္တော၊ မေးတော်မူသောသဗ္ဗညုရှင်တော်ဘုရားသည်။ "ဘိက္ခု၊ ရဟန်း။ တွံ၊ သည်။ ကတရံ၊

---

ဘ. ဆံ ဝ-၂၆၇-ဆ။

http://www.dhammadownload.com



အဘယ်မည်သော။ဖဿံ၊ကို။အဓိဂတော၊ရသည်။အသိ၊နည်း။ကတရံ၊သော။ ဝေဒနံ၊ကို။အဓိဂတော၊သည်။ အသိ၊နည်း။ ကတရံ၊သော။ သညံ၊ကို။အဓိဂတော၊သည်။ အသိ၊နည်း။ ကတရံ၊သော။ စိတ္တံ၊ ကို။ အဓိဂတော၊ သည်။ အသိ၊ နည်း"။ ဣတိ၊ သို့။ အပုစ္ဆိတွာ၊ ၍။ "ဘိက္ခု၊ ရဟန်း။ တွံ၊ သည်။ ကတရံ၊သော။ ပညံ၊ ကို။ အဓိဂတော၊ သည်။ အသိ၊ နည်း။ ပဌမံ၊ သော။ မဂ္ဂပညံ၊ကို။ အဓိဂတောကိံ၊လော"။ ဣတိ၊သို့။ ပညံ၊ကို။ ဇေဋ္ဌကံ၊ကို။ ပညံ၊ကို။ ဓုရံ၊ကို။ ကတွာ၊ ၍။ ပုစ္ဆတိ၊၏။

မှတ်ဖွယ်။ ။ကတရံ ပညံတွင်္ကိအာဒိ န ပါဠိအာရှင်။ ဝေ ဿဝ ဝါ ပုစ္ဆတိတိ အဋ္ဌကထာယေဝ ဝုတ္တံ။

ပညုတ္တရာ၊ပညာအမြတ် အချုပ်ရှိကုန်သော။ သဗ္ဗေ၊ ကုန်သော။ ကုသလာ ဓမ္မာ၊တို့သည်။ နပရိဟာယန္တိ၊မယုတ်ကုန်။ (ဤလည်းတသုတ်)။ ပညာပန၊ ပညာသည်ကား။ ကိမတ္ထိယာ၊ အဘယ် အကျိုးရှိသနည်း။ (ဤလည်း တသုတ်အမေး)။

အဘိညတ္ထာ ပရိညတ္ထာ ပဟာနတ္ထာတိ တဿ ဝိဿဇ္ဇနံ။ အဘိညတ္ထာ၊ သစ္စာလေးပါးတရားကို ရှေးရှုမျက်မှောက်သိခြင်းအကျိုးရှိ၏။ပရိညတ္ထာ၊ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်းအကျိုးရှိ၏။ ပဟာနတ္ထာ၊ သမုဒယသစ္စာကို ပယ်ခြင်း အကျိုးရှိ၏။(ဤကား ဝိသဇ္ဇနာအနက်)။

ဘိက္ခဝေ၊ တို့။ ပညဝတော၊ ပညာရှိသော။ အရိယသာဝကဿ၊အား။ တဒန္ဝယာ၊ ထိုပညာအား လျော်ကပ် သင့်လျော်သော။ ဝါ၊ ထိုပညာသို့ အစဉ်လိုက်သော။သဒ္ဓါ၊သည်။ သဏ္ဍာတိ၊ကောင်းစွာတည်၏။ တဒန္ဝယံ၊ သော။ ဝီရိယံ၊သည်။သဏ္ဌာတိ၊၏။ တဒန္ဝယာ၊သော။ သတိ၊သည်။ သဏ္ဌာတိ၊ ၏။ တဒန္ဝယော၊သော။သမာဓိ၊သည်။သဏ္ဌာတိ၊၏။ ဣတိဝေမာဒီနိ၊ ကုန်သော။ သုတ္တာနိပန၊ တို့ကိုကား။ ဧတ္ထ၊ ဤလောကုတ္တရာ တရား၌။ ပညာယ၊ ၏။ ပဓာနဘာဝေန၊ ပြဓာန်းသည်၏အဖြစ်၌။ ဒဋ္ဌဗ္ဗာနိ၊ ကုန်၏။ ဣတိယထာ ဝုတ္တနယေန၊ဖြင့်။ လောကုတ္တရဓမ္မံ၊သို့။ ပတွာ၊၍။ ပညာ၊သည်။ ဇေဋ္ဌကာ၊ သည်။ဟောတိ၊၏။ပညာ၊သည်။ ဓုရာ၊သည်။ ပညာ၊သည်။ ပုဗ္ဗင်္ဂမာ၊သည်။ ဟောတိ၊၏။ဣတိ၊သို့။ ဝေဒိတဗ္ဗာ၊၏။ ပန၊ စကားလက်စကို ဆက်၍ ဆိုအံ့။ ...ဒယ်ဒေသနာ၊သည်။လောကိယဒေသနာ၊သည်။ဟောတိ၊၏။ တသ္မာ၊ထို့ကြောင့်

http://www.dhammadownload.com



ဤဒေသနာ၏ လောကီဒေသနာ၏အဖြစ်ကြောင့်။ စိတ္တံ၊ ကို။ ခုရုံကို။ ကတွာ၊ ၍။ ဒေသေန္တော၊ ဟောတော်မူလိုသော သဗ္ဗညုရှင်တော်ဘုရားသည်။ "စိတ္တံ ဥပ္ပန္နံ ဟောတီ"တိ၊ ဟူ၍။ အာဟ၊ ၏။

သောမနဿ သဟဂတန္တိ၊ ကား။ သာတမဓုရ ဝေဒယိတသင်္ခါတေန၊ သာယာအပ် ချိုမြိန်ကောင်းမြတ်သော အရသာနှင့်တူသည် ခံစားအပ်သည် ဟု ဆိုအပ်သော။ သောမနဿေန၊ နှင့်။ သဟ၊ တကွ။ ဧကုပ္ပါဒါဒိ ဘာဝံ၊ ဧကုပ္ပါဒတာ အစရှိသည်၏ အဖြစ်သို့။ ဂတံ၊ ရောက်သော။ (သာတန္တိ သာဘာဝ ဝသေန ဝုတ္တံ)။ ပန၊ အဘိဓာနတ္ထမှတပါးသော အတ္ထုဒ္ဓါရကိုဆိုအံ့။ အယံသဟဂတသဒ္ဒေါ၊ ဤသဟဂတ သဒ္ဒါသည်။ တဗ္ဘာဝေ၊ တဗ္ဘော၏ အနက်၌ရင်း။ ဝါ၊ ရှေးပုဒ်၏အနက်၌ရင်း။ ဝေါကိဏ္ဏေ၊ ရောပြွမ်းသောအနက် ၌ရင်း။ နိဿယေ၊ အမှီအခြေပါဒ ဟူသောအနက်၌ရင်း။ အာရမ္မဏေ၊ အာရုံ ဟူသောအနက်၌ရင်း။ သံသဋ္ဌေ၊ နှီးနှောသောအနက်၌ရင်း။ ဣတိ၊ သို့။ ဣမေသု အတ္ထေသု၊ ဤငါးပါးသော အနက်တို့၌။ ဒိဿတိ၊ ၏။ တတ္ထတေသု တဗ္ဘာဝါဒီသု အတ္ထေသု၊ ထိုတဗ္ဘာဝ စသော ငါးပါးသော အနက်တို့တွင်။ "ယာယံတဏှာ၊ သည်။ ပေါနောဗ္ဘဝိကာ၊ တဖန်အသစ်သော ဘဝကိုပြုခြင်း အလေ့ရှိ၏။ နန္ဒီရာဂသဟဂတာ၊ ထိုထိုအာရုံ ထိုထိုဘုံဘဝ၌ နှစ်သက် တပ်မက်တတ်သော ရာဂဖြစ်၍ဖြစ်၏"။ ဣတိတ္ထော၊ ဤပါဠိ၌။ တဗ္ဘာဝေ၊ ထိုနန္ဒီ ရာဂဟူသော ရှေးပုဒ်၏ အနက်၌။ ဝေဒိတဗ္ဗော၊ ၏။ နန္ဒီရာဂဘူတာ၊ ထိုထို အာရုံ ထိုထိုဘုံဘဝ၌ နှစ်သက်တပ်မက်တတ်သော ရာဂဖြစ်၍ဖြစ်၏။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။

ဝစနတ္ထ။ ။"ပုနဘဝကရဏံ ပုနဗ္ဘဝေါ"၊ ကရဏဟူသော နောက်ပုဒ်ကြေသည်။ "ပုနဗ္ဘဝေါ သီလံ ဧတိဿာတိ ပေါနောဗ္ဘဝိကာ"ဧတိဿာ၊ ဤတဏှာ၏။ သီလံ၊ သဘောဓလေ့ကား၊ ပုနဗ္ဘဝေါ၊ တဖန်အသစ်သောဘဝကိုပြုခြင်းသည်။ ဟောတိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ သာတဏှာ၊ သည်။ ပေါနောဗ္ဘဝိကာ၊ မည်၏။ တဿီလတဒ္ဓိတ်၊ ဏိကပစ္စည်း။ ဝအစိတ်ဥကို ဩ၊ မနောမယကဲ့သို့ နနောင် ဩအဖြစ်ရလာ၍ ဘကိုလည်း ဒွေဘော်ပြု၍ ပေါနောဗ္ဘဝိကာပြီး သည်။ "တဿ ပုဗ္ဗ ပဒဿ ဘာဝေါ အတ္ထော တဗ္ဘာဝေါ"။တဿပုဗ္ဗပဒဿ၊ ထိုနန္ဒီရာဂ ဟူသော ရှေ့ပုဒ်၏။ ဘာဝေါ၊ အတ္ထော၊ အနက်တည်း။ တဗ္ဘာဝေါ၊ ထိုနန္ဒီရာဂဟူသော ရှေ့ပုဒ်၏အနက်။ နန္ဒီရာဂဟူသော ရှေ့ပုဒ်သည် ဟောအပ်သော အနက်ကိုပင် သဟဂတသဒ္ဒါဟောသည်။ မိမိ၏အနက်အသီးမရှိ ဟူလို။

http://www.dhammadownload.com



ဘာဝေါ ပဒတ္ထေ သဏ္ဍာယ၊ မဓိပ္ပါယ ကြိယာသုစ။
သဘာဝသိ္မံ စ လီလာယံ၊ ပုရိသိတ္ထိန္ဒြိယေသုစ။

ဟု မိန့်အပ်သောအနက်တို့တွင် ဤ၌ ဘာဝသဒ္ဒါ ပဒတ္ထကို ဟောသည်။ ထို့ကြောင့် ဘာဝေါအတ္ထောဟု ဖွင့်သတည်း။ "ပုဒ်အနက်မရှိလျှင် တဒ္ဓော။ ပစ္စည်းအနက်မရှိလျှင် ဘောတ္တ"ဟု သဒ္ဒါဆရာတို့ ဆိုကြသတည်း။

တတြတတြာဘိနန္ဒနတော နန္ဒီ။ နန္ဒီဘူတော ရာဂေါ နန္ဒီရာဂေါ၊ နန္ဒီရာဂသာဝေန သဟဂတာတိ နန္ဒီရာဂသဟဂတာတိ န ဟွေ သမ္ဗယောဂဂဝသေန သဟဂတဘာဝေါ အတ္ထိတိ သဟဂတသဒ္ဒေါ တဏှာယ နန္ဒီရာဂဘာဝံ ဇောတေတိ၊ နန္ဒီရာဂဘူတာတိစဿ အတ္ထော။ ။ဋီကာ-၆၇-ဆ။

**အနက်ကား**။ ။တတြတတြ၊ ထိုထိုအာရုံ ထိုထိုဘုံသဝ၌။ အဘိနန္ဒနတော၊အလွန်နှစ်သက်တတ်သည်၏အဖြစ်ကြောင့်။ နန္ဒီ၊ မည်၏။ နန္ဒီဘူတော၊ နှစ်သက်တတ်သည် ဖြစ်၍ဖြစ်သော။ ရာဂေါ၊ ရာဂတည်း။ နန္ဒီရာဂေါ၊ နှစ်သက်တတ်သော ရာဂ။ နန္ဒီရာဂဘာဝေန၊နှစ်သက်တတ်သောရာဂ၏အဖြစ်နှင့်၊သဟဂတာ၊ တကွဖြစ်သောတဏှာတည်း။ ဣတိတသ္မာ၊ ကြောင့်၊ နန္ဒီရာဂသဟဂတာ၊ မည်၏။ ဣတိ၊ သို့။ ဟွေ၊ ဤနန္ဒီရာဂသဟဂတာဟူသောပုဒ်၌။ သမ္ပယောဂဂဝသေန၊ဖြင့်။ သဟဂတဘာဝေါ၊ သဟဂတအဖြစ်သည်။ နအတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ကြောင့်။ သဟဂတသဒ္ဒေါ၊ သည်။ တဏှာယ၊ ၏။ နန္ဒီရာဂဘာဝံ၊ အဖြစ်ကို။ ဇောတေတိ၊ ပြတတ်၏။ နန္ဒီရာဂဘူတာ၊နှစ်သက်တတ်သော ရာဂဖြစ်၍ဖြစ်၏။ ဣတိစ၊ ဤသို့လည်း။ အဿ၊ ထိုနန္ဒီရာဂသဟဂတာ ဟူသောပုဒ်၏။ အတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။

ဘိက္ခဝေ၊ တို့။ ယာ အယံဝီမံသာ၊ အကြင် ပညာသည်။ ကောသဇ္ဇသဟဂတာ၊ ပျင်းရိသည်၏အဖြစ်နှင့် တကွဖြစ်၏။ ဝါ၊ကောသဇ္ဇနှင့် ရောပြွမ်း၏။ ကောသဇ္ဇသမ္ပယုတ္တာ၊ ကောသဇ္ဇနှင့် ထက်ဝန်းကျင်အပြားအားဖြင့် ယှဉ်၏။ ဣတိတွေ၊ ဤပါဠိ၌။ ဝေါကိဏ္ဏော၌။ ဝေဒိတဗ္ဗော၊၏။ အန္တရန္တရာ၊အကြားအကြား၌။ ဥပ္ပဇ္ဇမာနေန၊ဖြစ်သော။ကောသဇ္ဇေန၊နှင့်။ ဝေါကိဏ္ဏာ၊ပြွမ်း၏။ ဣတိအယံ၊ ကား။ တွေ၊ ဤကောသဇ္ဇ သဟဂတ ဟူသောပုဒ်၌။ အတ္ထော၊ အနက်တည်း။ အဋ္ဌိကသညာသဟဂတံ၊ အဋ္ဌိကသညာလျှင် အမှီရှိသော။ ဝါ၊အဋ္ဌိကသညာလျှင် အခြေပါဒရှိသော။သတိသမ္ဗောဇ္ဈင်္ဂံ၊ကို။ဘာဝေတိ၊ ၏။ ဣတိတွေ၊ ဤပါဠိ၌။ နိဿယော၊အမှီ၌။ဝါ၊ နိဿယပါဒကော၊ အခြေပါဒ၌။ ဝေဒိတဗ္ဗော၊ ၏။ အဋ္ဌိကသညံ၊ ကို။ နိဿာယ၊ ၍။ အဋ္ဌိကသညံ၊ ကို။ ဘာဝေတွာ၊ ၍။ ပဋိလဒ္ဓံ၊ ရအပ်သော။ သတိသမ္ဗောဇ္ဈင်္ဂံ၊ ကို။ ဘာ

http://www.dhammadownload.com



ဝေတိ၊၏။ (လိုက်)။ ဣတိအယံကား။ အတ္ထော၊ တည်း။ ရူပဟာတဂတာနံ၊ ပထဝီကသိုဏ်း စသည်လျှင် အာရုံရှိကုန်သော။ သမာပတ္တီနံပ၊ တို့ကိုရင်း။ အရူပသဟာဂတာနံ၊ ကောင်းကင်ပညတ် ပဌမာရုပ္ပဝိညာဉ် စသည်လျှင် အာရုံရှိကုန်သော။ သမာပတ္တီနံဝ၊ တို့ကိုရင်း။ လာဘီ၊ရသည်။ ဟောတိ၊ဖြစ်၏။ ဣတိတ္ထော၊ ဤပါဠိ၌။ အာရမ္မဏော၊ အာရုံဟူသောအနက်၌။ ဝေဒိတဗ္ဗော၊ ၏။ ရူပါရူပါရမ္မဏာနံ၊ ပထဝီ ကသိုဏ်းစသောအာရုံ, ကောင်းကင်ပညတ် စသော အာရုံရှိကုန်သော။ ဣတိအယံ၊ ကား။ အတ္ထော၊ ဘည်း။

**မှတ်ဖွယ်။** ။ရူပါရူပါရမ္မဏာနန္တိ ပထဝီ ကသိဏာဒိ အာကာသာဒိ အာရမ္မဏာနံ။ ။ဋီကာ ၆ဂ-ဆာ။

ပထဝီကသိဏာဒိ၌ အာဒိဖြင့် အာပေါတသိုဏ်းစသော ရူပဈာန်၏ အာရုံကိုယူ။ အာကာသာဒိ၌ အာဒိဖြင့် ပဌမာရုပ္ပဝိညာဉ်စသော အရူပဈာန်၏ အာရုံကိုယူ။

"ဣဓ်သုခံ၊ သည်။ ဣမာယပီတိယာ၊နှင့်။ သဟာဂတံ၊ ကေပ္ပါဒ အစရှိသည်၏ အဖြစ်သို့ တကွရောက်သည်။ ဝါ၊ ကေပ္ပါဒ အစရှိသည်၏ အဖြစ်ဖြင့် တကွ ဖြစ်သည်။ သဟဇာတံ၊ တကွဖြစ်သည်။ သမ္ပယုတ္တံ၊ အညီအညွတ် ကေပ္ပါဒ တာ အစရှိသော အပြားတို့နှင့်ယှဉ်သည်။ ဟောတိ၊ ၏"။ ဣတိတ္ထော၊ ၌။ သံသဋ္ဌော-နို့ရည်နှင့် ရေကဲ့သို့ နှီးနှော ရောယှက်သည်၌။ ဝါ၊ တခုတည်း၏ အဖြစ်သို့ ရောက်သကဲ့သို့ဖြစ်သည်၌။ ဝေဒိတဗ္ဗော၊ ၏။ ဣမသ္မိမ္ပိပဒေ၊ ဤ သောမနဿသဟဂတံ ဟူသောပုဒ်၌လည်း။ အယမေဝအတ္ထော၊ ဤသံသဋ္ဌ အနက်ကိုသာလျှင်။ အဓိပ္ပေတော၊ လိုအပ်၏။ ဟိ-သစ္စံ၊၏။ သောမနဿ သံသဋ္ဌံ၊ သောမနဿဝေဒနာနှင့် ကေပ္ပါဒတာ စသည်တို့၏ အစွမ်းဖြင့် နှီးနှောသောစိတ်ကို။ဣဓဣမသ္မိံ အဓိကာရေ ဤကာမာဝစရကုသိုလ်အရာ၌။ သောမနဿ သဟဂတန္တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။

